


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော် အလှူရေစက်ချအခမ်းအနား အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# ပါရမီရှိမရှိ ရွေးမနေပါနဲ့

(၂၅၀)

ဟောကြားသည့်နေ့

၂၀-၃-၅၉

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# ပါရမီရှိ မရှိ ရွေးမနေပါနဲ့

ဟောကြားသည့်နေ့ (၂၀-၃-၅၉)

ဒကာ ဒကာမတွေကို တရားဟောတဲ့အခါမှာလည်း တရားဟောတဲ့ ဘုန်းကြီးက ဒကာ ဒကာမတွေ **သန္တာန်မှာ** ယခုဖြစ်နေတဲ့ ဖြစ်စဉ်ကို ဟောရမယ်၊ တရားဟောတဲ့ ဆရာတော်ဘုရားက အလုံးစုံအကုန် ယခု ဒကာ ဒကာမတွေ **သန္တာန်၌** ယခုဖြစ်နေတဲ့ ဖြစ်စဉ်ကို ဟောရမယ်၊ (၁) **နံပါတ်တရားက** ဘယ်လိုဟောရမှာတုံးလို့ မေးလို့ရှိရင်ဖြင့် ယခု ဒကာ ဒကာမတွေ **သန္တာန်၌** ဖြစ်နေတဲ့ **ပဋိစ္စသမုပ္ပါဒ်**အတိုင်း ဖြစ်နေတဲ့ ယခုပေါ်ဆဲ **ဝိညာဏ်** အစရှိသည်ဖြင့် **စက္ခုဝိညာဏ်** ဖြစ်လာ

တယ်၊ **ဖဿ**ဖြစ်လာတယ်၊ **ဝေဒနာ**ဖြစ်လာတယ်၊ **တဏှာ** ဖြစ်လာတယ်၊ **ကံ**ဖြစ်လာတယ်၊ အဲ့ဒီဖြစ်စဉ်တွေကို ကြည့်ပြီး ဒကာ ဒကာမတွေ ဟောရမယ် . . . (တင်ပါဘုရား)။

## လက်ရှိဖြစ်စဉ်ကြည့်ဟောရမယ်

ဦးခင်မောင်ရေ လက်ရှိဖြစ်စဉ်ကြည့်ဟောရမယ် . . . (မှန်လှပါဘုရား)၊ ဦးဘတင် ဘာကြည့်ဟောရမတုံး . . . (လက်ရှိ ဖြစ်စဉ် ကြည့်ဟောရမှာပါဘုရား)။

ကောင်းပြီ၊ အဲ့ဒီလိုလက်ရှိဖြစ်စဉ်ကို ဒကာ ဒကာမတွေ ကလည်း ကိုယ့်သန္တာန်ဖြစ်စဉ်ကို ကြည့်ထားရမယ် . . . (မှန်လှ ပါဘုရား)၊ ကြည့်ပြီး ဒကာ ဒကာမတွေက လက်ရှိဖြစ်စဉ် ဟောတဲ့ **ဆရာတော် သမားတော်**တွေက ဟောတဲ့အခါမှာ အဲ့ဒီ လက်ရှိ ဖြစ်စဉ်ကို **မုန်းအောင်** ဟောနိုင်ဖို့ မလိုချင်အောင် ဟောနိုင်ဖို့၊ ဆုံးအောင်ဟောနိုင်မှ **ဓမ္မကထိက**၊ ဖြစ်တယ်။

လက်ရှိဖြစ်စဉ်ကို မုန်းအောင် ဟောနိုင်ဖို့ အရေးကြီး တယ်နော်. . . (မှန်လှပါဘုရား)၊ မုန်းအောင် ဟောနိုင်ဖို့ မလိုချင် အောင် ဟောနိုင်ဖို့၊ ဆုံးအောင် ဟောနိုင်ဖို့ ဤသုံးချက်ပေါ့ဗျာ . . . (မှန်လှပါဘုရား)။

မုန်းအောင်၊ မလိုချင်အောင်၊ ချုပ်အောင် ဒီလိုဟောလို့ ဒကာ ဒကာမတွေ **သန္တာန်** ကိုယ့်ဖြစ်နေတဲ့ တရားတစ်ခုခုကို

မုန်းအောင်၊ မလိုချင်အောင် ချုပ်အောင်ဟောနိုင်တဲ့ **ဓမ္မကထိက** မှတ်ဲ့ ဒါ တရားဟောတဲ့ ပုဂ္ဂိုလ်လို့ဆိုပါ . . . (တင်ပါဘုရား)။

ဒကာ ဒကာမတွေ **သန္တာန်၌** ယခု **ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်** ပေါ်ဗျာ သဘောကျပလား . . . (ကျပါပြီဘုရား)၊ မရှိတာ ဟောနေလို့ လည်း အလကားဖြစ်နေမှာကို အခုဖြစ်နေတဲ့ ဒကာ ဒကာမ တွေက တရားနာတဲ့ စိတ်ဖြစ်တယ်လို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## ဒီလိုဟောနိုင်မှ ဓမ္မကထိက

တရားနာတဲ့ စိတ်ကလေးဖြစ်နေတယ် အဲ့ဒီစိတ်ကလေး ကိုပဲ တရားနာတဲ့ စိတ်နောက်ကနေပြီးသကာလ **ဖဿဝေဒနာ** တွေ လိုက်မယ် ဒီနောက်ကနေပြီး သကာလ ကုသိုလ်တွေလည်း လိုက်မှာပဲ အဲ့ဒီကိုယ့်**သန္တာန်**ဖြစ်ပေါ်နေတဲ့ အစစိတ်ကစပြီး တစ်ခုခုကို မုန်းအောင် မလိုချင်အောင် ဆုံးအောင် ဒီလိုဟော နိုင်တဲ့ ပုဂ္ဂိုလ်မှ ဘုရားက **ဓမ္မကထိက**လို့ မှတ်ပါ။ **ဓမ္မကထိက** ဆိုတာ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ **သန္တာန်**ပေါ်နေတဲ့ စိတ်တစ်လုံးကို **ပဋိစ္စ သမုပ္ပါဒ်**တစ်ခုကို မုန်းအောင် မလိုချင်အောင် ဆုံးအောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်မှ **ဓမ္မကထိက** . . . (တင်ပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေ **သန္တာန်**မှာ တရားလေးတစ်ခု ပေါ်လာတယ် ဒါက လက်ရှိတရားလေး . . . (မှန်လှပါ)၊ ဟောမည့် ပုဂ္ဂိုလ်က ဘယ်သတ္တိနဲ့ ပြည့်စုံရမလဲလို့ မေးလို့ရှိရင် ဒီတရား လေးတစ်ခုကို မုန်းအောင် မလိုချင်အောင် ဆုံးအောင် ဒီလို ဟောတဲ့ ပုဂ္ဂိုလ်ကို ဘာဆိုကြမတုံး . . . (ဓမ္မကထိက ပါဘုရား)။

ကောင်းပြီ ဒါ - ဘုန်းကြီးဘက်က အင်္ဂါပေါ့ဗျာ - ဘုန်းကြီးကဖြင့် ဒီအတိုင်းကို ပြောမှ **ဓမ္မကထိက** အစစ်ဖြစ်မယ် . . . (မှန်လှပါဘုရား)၊ ဦးခင်မောင်ရေ ဘယ်နှချက်ပါလိမ့် . . . (သုံးချက်ပါဘုရား)။

ခင်ဗျားတို့ **သန္တာန်**ပေါ်နေတဲ့ တရားလေး တစ်ခုကို ဘာလုပ်ရမယ် . . . (မုန်းအောင် မလိုချင်အောင် ဆုံးအောင် ဟောရမှာပါဘုရား)၊ ဟောနိုင်မှသာလျှင် **ဓမ္မကထိက** အစစ်လို့ ဒကာ ဒကာမတွေက မှတ်ကြ သဘောကျပလား . . . (ကျပါပြီ ဘုရား)။

## တရားနာမယ်ဆိုရင် မဟောပါနဲ့ ကျင့်မယ်ဆိုရင် ဟောပါ

ဒကာ ဒကာမတွေကလည်း တရားနာမယ်လို့ ဆိုရင် မဟောနဲ့ ကျင့်မယ်လို့ဆိုရင်ဟောပါ။ ဒကာ ဒကာမတွေကလည်း

ကျင့်ချင်လို့နာတဲ့ တရားမျိုးမှ သူ့ဟာက ဟောရမှာ . . . (မှန်လှပါဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘယ်လိုတရားမျိုးပါလိမ့် . . . (ကျင့်ချင်လို့နာတဲ့ တရားမျိုး ဟောရမှာဘုရား)၊ နာကောင်းလို့ နာတဲ့တရား မလာခဲ့နဲ့ ဘုရား အလိုကျကနော် . . . (မှန်လှဘုရား)၊ ကျင့်ချင်လို့ နာတဲ့တရားလို့ ခင်ဗျားတို့စိတ်ထဲကလည်း မှတ်ရမယ် . . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်လိုလုပ်နာကြရမတုံး . . . (ကျင့်ချင်လို့ နာရမှာပါ ဘုရား)၊ အခုချက်ချင်း ကျင့်ကျင့်၊ အခုဖြင့် မှတ်နေဦးမယ် နောက်မှ ကျင့်မယ်လို့ ရည်ရွယ်ချက်ရှိရှိ ဒါ ကျင့်ချင်လို့ နာတဲ့ တရားဖြစ်တာပဲ. . . (မှန်လှပါဘုရား)။

အဲဒီ ကျင့်တဲ့အခါမှာလည်းတဲ့ ဒကာ ဒကာမတို့ ကျင့်ချင်လို့ နာတဲ့တရားမှာလည်း ကျင့်တဲ့အခါမှာ ခင်ဗျားတို့ **သန္တာန်**ဖြစ်တဲ့ တရားလေးတစ်ခုတည်း **ပဋိစ္စသမုပ္ပါဒ်**တည်းက **ပဋိစ္စသမုပ္ပါဒ် (၁၂) ပါး**ရှိတာယ် အဲဒီတစ်ခုတည်းကို ဒကာ ဒကာမ တွေ ကျင့်တဲ့အခါကျတော့ ဘယ်လိုကျင့်ရမတုံးလို့ မေးလို့ ရှိရင်ဖြင့် ဒီတရားလေးတစ်ခုကိုပင်လျှင် မုန်းအောင် ဟုတ်လား မလိုချင်အောင် ဆုံးအောင် ဒီလိုကျင့်လို့ရှိရင်ဖြင့်တဲ့ အဲဒါ ဒကာ ဒကာမတွေဘက်ကလည်း အကျင့်မှန်ပဲ. . . (မှန်ပါဘုရား)။

## အကျင့်မှန်လို့မှတ်

ဒကာ ဒကာမတွေ အကျင့်မှန်ကလည်း တရားလေး တစ်ခု လက်ကိုင်ထားပါ ဦးခင်မောင်ရ . . . (မှန်လှပါဘုရား)၊ အဲဒါလေးကို မုန်းအောင်ကျင့် မလိုချင်အောင်ကျင့် ဆုံးအောင် ကျင့်ခဲ့သော် ကျင့်တဲ့လူဘက်ကလည်း အကျင့်မှန်လို့ မှတ်ပါ . . . (မှန်လှပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တရားတစ်ခုတည်းနော် . . . (မှန်လှပါဘုရား)၊ များများ မကိုင်ရဘူး ဒကာ ဒကာမတို့ **အနိစ္စတစ်ချက်**၊ **ဒုက္ခတစ်ချက်** စိတ်မနေရဘူး၊ **အနတ္တတစ်ချက်** စိတ်မနေရဘူး၊ **မရဏာနုဿတိ** လည်း စိတ်နေဖို့မလိုပါဘူး၊ တစ်ခုခုကို မြဲပြီးလုပ်ရမှာ အကျင့် စခန်းဆိုတာက ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီဒါဖြင့် အဲဒီလိုဟောတဲ့ ပုဂ္ဂိုလ်ကလည်း ဒီတရားကို **မုန်းအောင် မလိုချင်အောင် ဆုံးအောင်** ဟောရမယ် ကျင့်တဲ့ပုဂ္ဂိုလ်ကလည်း တရားလေးတစ်လုံးကို **မုန်းအောင် မလိုချင်အောင် ဆုံးအောင်** ကျင့်လိုက် အဲဒီလို ကျင့်လို့ရှိရင် ဒီပုဂ္ဂိုလ်ကိုတဲ့ ငါဘုရားက **ဟောတဲ့ ပုဂ္ဂိုလ်နဲ့ နာတဲ့ပုဂ္ဂိုလ်နဲ့** အလွန်ညီညွတ်တယ်။

## ဒီဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်

ထိုကဲ့သို့ ညီညွတ်သည်ဖြစ်လေသောကြောင့် **ဒိဋ္ဌဓမ္မ**

**နိဗ္ဗာန** ပုဂ္ဂိုလ်ဖြစ်ရမယ်ကွတဲ့ ယခုဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဖြစ်ရမယ်တဲ့ . . . (မှန်ပါဘုရား)၊ ဒီလိုညီညွတ်ကြလို့ရှိရင် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဦးခင်မောင် ဒါကလည်း သူ့နေရာနဲ့သူ အရေးကြီးတယ်ပေါ့ဗျာ . . . (မှန်လှပါဘုရား)၊ မကြီးဘူးလားကဲ. . . (ကြီးပါတယ်ဘုရား) ဟောတဲ့ပုဂ္ဂိုလ်ကလည်း တစ်လုံးကို ဘယ်လိုဟောနိုင်ရမတုံး . . . (မုန်းအောင်၊ မလိုချင်အောင်၊ ဆုံးအောင် ဟောရမှာပါဘုရား)။

ကျင့်တဲ့ပုဂ္ဂိုလ်ကလည်း ကိုယ်ရထားတဲ့ တရားလေး တစ်လုံးကို ဘယ်လိုကျင့်ရမတုံး . . . (မုန်းအောင်၊ မလိုချင်အောင်၊ ဆုံးအောင်ကျင့်ရမှာပါဘုရား)၊ ဆုံးအောင်ကျင့်ရမယ် သူကလည်း ဟုတ်လား။

အဲဒီကဲ့သို့ ဆရာဒကာ ညီညွတ်ကြပြီဆိုမှဖြင့် ဘုရားက ဘယ်လိုဆုံးဖြတ်ချက်ချတုံး၊ ဒီဌမမှနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်လို့ ဘုရားက ဆုံးဖြတ်ချက်ချလိုက်တယ်၊ ဘာမှ **တိဟိတ်၊ ဒွိဟိတ်ရွေးမနေနဲ့** . . . (မှန်လှပါဘုရား)။

## ပါရမီရှိမရှိ၊ ရွေးမနေနဲ့

**တိဟိတ်၊ ဒွိဟိတ်ရွေးမနေနဲ့၊ ငါ့ ပါရမီရှိမရှိ ရွေးမနေနဲ့တဲ့** ဒါ **သံယုတ်ပါဠိတော်လို့** မှတ်ရမယ်၊ **သံယုတ်ပါဠိတော်လို့**

မှတ်ရမယ် ပါရမီတွေဘာတွေ ဒကာ ဒကာမတွေ ချေးထူမနေပါနဲ့၊ သူများပြောသံကြားတွေနဲ့ လမ်းဆုံးမနေပါနဲ့ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘုန်းကြီးဘက်က အင်္ဂါက သုံးပါးပေါ့ဗျာ၊ ခင်ဗျားတို့ဘက်ကလည်း . . . (သုံးပါးပါဘုရား)၊ သုံးပါးတဲ့၊ အဲဒီသုံးပါးစီညီလို့ရှိရင် ဘုရားက **အဟောဆရာနဲ့ အနာအကျင့်ဆရာ၊ အဟောဆရာနဲ့ အကျင့်တပည့်** ညီညွတ်ပြီဆိုမှဖြင့် ဒကာဒကာမတို့ ဒီဘဝနိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်လို့ ငါဘုရားက ဆုံးဖြတ်ချက်ချလိုက်တယ်. . . (မှန်လှပါဘုရား)။

ပါရမီ ပါသေးလား. . . (မပါပါဘူးဘုရား)၊ မပါတော့ဘူး ဦးဘတင် သေချာနေပြီ. . . (သေချာပါတယ်ဘုရား)၊ ဦးဘအုန်းတို့ သေချာတာကို ခင်ဗျားတို့က ဟုတ်မှ ဟုတ်ပါ့မလားတော့ မထည့်နဲ့ . . . (မှန်လှပါဘုရား)၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

## ဟုတ်မှဟုတ်ပါ့မလားဆိုတာ

အင်း ဒီ ဒကာ ဒကာမတွေက သေချာနေတာတောင်မှ ဘယ်နဲ့တုံး . . . (ဟုတ်မှဟုတ်ပါ့မလား ဖြစ်နေပါတယ်ဘုရား)၊ အဲဒါ ဟုတ်မှဟုတ်ပါ့မလားဆိုတဲ့ဥစ္စာ ဝိစိကိစ္ဆာလို့ခေါ်တယ် . . . (မှန်လှပါဘုရား)၊ ဟုတ်မှဟုတ်ပါ့မလားဆိုတာ ဘာပါလိမ့် . . . (ဝိစိကိစ္ဆာပါဘုရား)။

အဲဒီဝိစိကိစ္ဆာက ဘာလုပ်တတ်သတုံးလို့ မေးလို့ရှိရင် သွားမည့်လမ်း ကန့်ကွက်တယ် . . . (မှန်လှပါဘုရား)၊ ရောက်မည့်လမ်းကို. . . (ကန့်ကွက်ပါတယ်ဘုရား)။

ဒါဖြင့် ဟုတ်မှဟုတ်ပါ့မလားလေးကို ယောင်ပြီး မထည့်လိုက်နဲ့ . . . (မှန်လှပါဘုရား)၊ ထည့်လိုက်လို့ရှိရင်ဖြင့် ကိုယ်ရမည့်လမ်း၊ **ကိုယ့်ဒုက္ခ**ကျွတ်လွတ်မည့်လမ်းကို ကိုယ်တားလိုက်တာပဲ . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဆရာ့ဘက်က အင်္ဂါသုံးပါး . . . (မှန်လှပါဘုရား)၊ တပည့်တွေဘက်က . . . (အင်္ဂါသုံးပါးပါဘုရား)၊ ဤသုံးပါး ညီညွတ်ကြလို့ရှိရင်ဖြင့် ဒီဘဝ **နိဗ္ဗာန်**ရမည့်ပုဂ္ဂိုလ်လို့၊ **ဒို့ဌမမှ နိဗ္ဗာန** ပုဂ္ဂိုလ်ဖြစ်ရမယ်လို့ ငါဘုရားက ဟောတယ်လို့ဆိုတော့ ဘုန်းကြီးက ဟောရှာသားပဲ လုပ်မနေနဲ့ ခင်ဗျားတို့ ဘုန်းကြီးက ဟောရှာသားပဲ လုပ်နေလို့ရှိရင် ခင်ဗျားတို့ ဆင်ခြေလဲမလို့ ဆိုတဲ့အသံ သေချာတယ် . . . (မှန်ပါဘုရား) ဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

## ဝိစိကိစ္ဆာဘက် မလှည့်ပါနဲ့

ဘုန်းကြီးက ဟောရှာသားပဲဆိုရင် ဒီစကားက ကွေ့ထွက်မည့်စကားချည်းပဲ ဟုတ်ဘူးလား . . . (မှန်လှပါဘုရား)၊ ဘယ်သွားမလို့တုံး၊ အင်း ကွေ့မထွက်နဲ့ ဒီဥစ္စာ၊ ဘုန်းကြီး

က ဟောရှာသားပဲဆိုရင် သူ **ဝိစိကိစ္ဆာ**ပါလာပြီ . . . (ပါ ပါပြီဘုရား) **ဝိစိကိစ္ဆာ**သုံးတော့မလို့ . . . (မှန်လှပါဘုရား)။

ကိုယ်လည်း **လုံ့လဝီရိယ** မလျှော့ပါဘူး၊ ဒါလည်း လျှော့မလို့သူ၊ ကိုယ်လည်း **လုံ့လဝီရိယ** လျှော့မယ်လို့ စိတ်မကူးပါဘူး၊ ဘယ်နဲ့ကြောင့် ဘာဖြစ်နေလည်း မပြောတတ်ဘူး၊ အပြီးသတ်တော့ ဟိုဘက်လှည့်သွားတယ်၊ **ဝိစိကိစ္ဆာ**ဘက် လှည့်မသွားဘူးလား . . . (လှည့်ပါတယ်ဘုရား)၊ ဦးစံရင် ဘယ်ဘက်လှည့်သွားတုံး . . . (ဝိစိကိစ္ဆာဘက်လှည့်သွားပါတယ် ဘုရား)။

## ဘုရားဟောတာ ယုံကြည်ပါ

အဲဒီတော့ကို **ဝိစိကိစ္ဆာ**ဘက်ကို မလှည့်ပါနဲ့လို့ ဒကာဒကာမတွေ ကောင်းကောင်းကြီးသတိပေးလိုက်ပါတယ်၊ ဆရာက ဒီသုံးချက်ကို ညီအောင်ဟောမယ်၊ ခင်ဗျားတို့က ညီအောင်ကျင့်လို့ရှိရင်ဖြင့် ဒီဘဝ**နိဗ္ဗာန်**ရမှာပဲဆိုတာကို ဘုရားပြောတာ မယုံမကြည်မရှိပါနဲ့လို့ အသေအချာ အတည့်အလင်းမှာပါတယ်၊ မမှာထိုက်ဘူးလား . . . (မှာထိုက်ပါတယ်ဘုရား)။

ကိုင်း ဆရာ့ဘက်ကလည်း တစ်ခုသော တရားလေးကို မှန်းအောင်၊ မလိုချင်အောင်၊ ဆုံးအောင် ဟောနိုင်လို့ရှိရင်ဖြင့် ဆရာ့တာဝန်ကုန်တယ် . . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတွေကလည်း တစ်ခုသော တရားလေးကို စိတ်ကလေးဖြင့် စိတ်ကလေးတစ်ခုတည်း ဝေဒနာဖြင့် ဝေဒနာလေးတစ်ခုတည်ကို မုန်းအောင်၊ မလိုချင်အောင်၊ ဆုံးအောင် ကျင့်နိုင်လို့ရှိရင် **အဟောနဲ့ အကျင့်နဲ့** မညီလား . . . (ညီပါတယ် ဘုရား)။

အဲဒါ ဘုရားက ဘယ်လို ဆုံးဖြတ်ချက် ချလိုက်တုံး . . . (ဒိဋ္ဌဓမ္မနိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ပါဘုရား) **ဒိဋ္ဌဓမ္မနိဗ္ဗာန်ရမည့်** ပုဂ္ဂိုလ် ကွလို့ ဘုရားက ဆုံးဖြတ်ချက်ချလိုက်တယ် အဲဒီ ဆုံးဖြတ်ချက်ချတဲ့ဥစ္စာကို ဒကာ ဒကာမတွေက **သံသယလုံးနဲ့** ဝင်ပြီမထောက်ပါနဲ့လို့ မှာလိုက်တယ် . . . (မှန်လှပါဘုရား)၊ မမှာသင့်ဘူးလား . . . (မှာသင့်ပါတယ်ဘုရား)။

## အစီအစဉ်သုံးချက်ရှိတယ်

ကိုင်း ဒါဖြင့် (၁) နံပါတ်က တရားဟောတဲ့ ပုဂ္ဂိုလ်၏ အင်္ဂါ (၂) နံပါတ်က . . . (တရားနာတဲ့ပုဂ္ဂိုလ်၏ အင်္ဂါပါဘုရား)၊ (၃) နံပါတ်က ဆုံးဖြတ်ချက်ချရမည့်အင်္ဂါ၊ (၃) နံပါတ်က . . . (ဆုံးဖြတ်ချက်ချရမည့်အင်္ဂါပါဘုရား)။

ကဲ ဒါဖြင့် ဒါက ရှေးဦးစွာ အစီအစဉ်လေး ဦးခင်မောင် မှတ်ထားလိုက်တာပေါ့ . . . (မှန်လှပါဘုရား)၊ ဪ . . . အစီအစဉ် သုံးချက်ရှိတာကိုး၊ တရားဟောတဲ့ ပုဂ္ဂိုလ်မှာလည်း

သူ့အစီအစဉ်ရှိတယ်၊ တရားကျင့်တဲ့ပုဂ္ဂိုလ်မှာလည်း . . . (သူ့အစီအစဉ်ရှိပါတယ်ဘုရား)။

တရားဟော တရားကျင့်ညီကြလို့ရှိရင်လည်း ကိစ္စပြီး အစီအစဉ်ဆိုတာကော . . . (ရှိပါတယ်ဘုရား) အစီအစဉ် ဘယ်နှခုလာတုံး . . . ((၃) ခုလာပါတယ်ဘုရား)၊ ကဲ (၃) ခု လာလို့ရှိရင်တော့ (၁) က စကိုင်တော့မယ်လို့ မှတ်ပေတော့ ဘုန်းကြီးဘက်က အရင်ပဲ ဒကာ ဒကာမတွေပြောပ့ါမယ်။

ဦးခင်မောင် ဘုန်းကြီးဘက်က အရင်ကျမယ်နော်. . . (မှန်လှပါဘုရား)၊ ဒုတိယ ဒကာ ဒကာမတွေဘက်ကကျတယ်၊ တတိယ ဘုရားက ဆုံးဖြတ်ချက်ချတဲ့ဘက်က ကျတယ်၊ မကျ ဘူးလား . . . (ကျပါတယ်ဘုရား)။

## ဘုန်းကြီးဘက်က (၃) ခု

ကိုင်း ဒါဖြင့် ဘုန်းကြီးဘက်က (၃) ခုနော်၊ ဒကာ ဒကာမတွေ ဘက်ကကော . . . ((၃)ခုပါဘုရား)၊ ဘုရားဘက် ကလည်း (၃) ခုပဲ၊ ဆုံးဖြတ်ချက်ချတော့ တစ်ခုတည်းပဲ ဆိုလိုက် ပါတော့ . . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတွေ ဘုန်းကြီးဘက် ကလည်း ဟောရလိမ့်မယ်တဲ့ တစ်ခုသောတရားကို မုန်းအောင်၊

မလိုချင်အောင်၊ ချုပ်ဆုံးအောင် ဟောရမယ်ဆိုတော့ ဒကာ ဒကာမတွေ ကဲ ခင်ဗျားတို့ **သန္တာန်ဖြစ်စဉ်**ကို အရင်ကြည့်ကြ ပေတော့နော် . . . (မှန်ပါဘုရား)။

## စိတ်တစ်လုံးတည်းပဲထားပါတော့

မျက်လုံးက မြင်တော့ မြင်စိတ်ပေါ့ဗျာ၊ နားကကြားပြန် တော့ . . . (ကြားစိတ်ပါဘုရား)၊ ဒါ စိတ်ချည်းနော် . . . (မှန်ပါဘုရား)၊ စိတ်တစ်လုံးတည်းပဲ ထားပါတော့၊ အင်း နှာခေါင်းက မွှေးတာ ကြိုင်တာ ရှူတာတွေကကော ရှူစိတ်၊ ရှိုက်စိတ်ပဲလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

အင်း . . . လျှာပေါ်မှာ စားစိတ်ကလေးများကော မပေါ်ကြဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ အင်း . . . ကိုယ် ပေါ်မှာ **ယားစိတ်၊ ကောင်းစိတ်**တွေကော . . . (ပေါ်ပါတယ် ဘုရား)၊ ကိုယ်ပေါ်ကတော့ **ယားစိတ်တစ်မျိုး၊ ကောင်းစိတ် တစ်မျိုး၊ ခံသာတဲ့စိတ်၊ မခံသာတဲ့စိတ်** မလာဘူးလား . . . (လာပါတယ်ဘုရား)။

ကိုယ်ပေါ်မှာတော့ ဒုက္ခ၊ သုခစိတ်သာရှိတယ်၊ ဒီနှစ်ခုမှ တစ်ပါး ပိုမရှိဘူး ဦးခင်မောင်ရ . . . (မှန်လှပါဘုရား)၊ သဘော ကျပလား . . . (ကျပါပြီဘုရား)၊ မနောဘက်ကတော့ ဒကာ ဒကာမတို့ ကြံတွေးစိတ်တစ်ခုပဲရှိတယ်လို့မှတ်လိုက်တာပေါ့၊

မနောဘက်ကတော့ . . . (ကြံတွေးစိတ်တစ်ခုပဲ ရှိပါတယ် ဘုရား) အဲ ဝမ်းထဲဘက်ကတော့ ကြံတွေးစိတ်တစ်ခုပဲရှိတယ်လို့ မှတ်လိုက်တာပေါ့ဗျာ။

## စိတ်ခြောက်မျိုး

ဒါဖြင့် စိတ်ဘယ်နှမျိုးပါလိမ့် . . . (ခြောက်မျိုးပါဘုရား)။ ခြောက်မျိုးလို့ မှတ်ထားလိုက်တာပေါ့၊ ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတွေ အဲဒီစိတ်ကလေးဟာ ဒကာ ဒကာမတွေ **သန္တာန်**မှာ ဥပမာမယ် စားတဲ့ စိတကလေးပေါ်တယ်၊ ထားပါဦးတော့ တစ်ခု အမှတ်ထားလိုက်ပါ စားတဲ့စိတ်ကလေး ပေါ်တယ်။

ဒကာ ဒကာမတွေ **သန္တာန်** စားချင်တဲ့ စိတ်ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား) အဲ စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ် စားချင်တဲ့ စိတ်ကလည်း ပေါ်ချင်လို့ ပေါ်ရတာမှ မဟုတ်ပဲ ဒကာ ဒကာမတွေ၊ ဒီဘက်က **ချို၊ ချဉ်၊ ဖန်၊ ငံ၊** ဟင်းတို့ ဘာတို့ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)၊ ဒီဘက်က လျှာရုပ်က မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

## စားချင်တဲ့စိတ်

အင်း လျှာရုပ်နဲ့ **ချို၊ ချဉ်၊ ဖန်၊ ငံ** နဲ့ ထိတဲ့အခါကျတော့ ဘာပေါ်လာတုံး၊ အဲ စားချင်တဲ့ စိတ်ပေါ်လာတယ် ဒီစိတ်ကလေး

မပေါ်ဘူးလား၊ အဲဒီစိတ်ကလေး၊ အဲဒီတော့ ဒီပြင်နေရာမှာလည်း ဒီလိုနှစ်ခု ထိခိုက်တဲ့ စိတ်ချည်းပဲ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် စိတ်တစ်လုံးဟာ ဦးခင်မောင် မှတ်မိပြီ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)၊ ကောင်းပြီ စိတ်တစ်လုံးဟာ ဒီအတိုင်းပဲလို့ မှတ်မိပါပြီ . . . (မှန်လှပါဘုရား)။

ဒီစိတ်ကလေးကို ဆရာဘုန်းကြီးတာဝန်က ဘာလုပ်ရမလဲလို့ အမေးထုတ်ခဲ့သော် မုန်းအောင် ဟောရလိမ့်မယ် . . . (မှန်လှပါဘုရား)၊ မလိုချင်အောင် . . . (ဟောရမှာပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဆုံးအောင်လည်း . . . (ဟောရမှာပါဘုရား)၊ ဟောရမယ်တဲ့၊ ဆုံးဆိုတာ ချုပ်သွားသည့်တိုင်အောင် ဟောရမှာ . . . (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ သန္တာန်မှာ ဒါဘုန်းကြီးက ဟောတော့မယ်တဲ့ ဒကာ ဒကာမတို့ ဒီစိတ်လေးဟာက ဒကာ ဒကာမတို့ **သန္တာန်** လျှာပေါ်မှာတော့ ပေါ်တာပဲ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ လျှာနဲ့သာထိဗျာ စားတဲ့စိတ်ကလေးဟာ . . . (ပေါ်ပါတယ်ဘုရား)။

ကောင်းပြီ ဒီစိတ်ကလေးသည်ကားဆိုရင်ဖြင့် ဒကာ ဒကာမတို့ **ပဋိစ္စသမုပ္ပါဒ်** ပေါ်လာတဲ့ စိတ်ကလေးပဲဆိုရင်ကော

သဘောကျပလား. . . (ကျပါပြီဘုရား)၊ ပဋိစ္စသမုပ္ပါဒ်ပဲ ဒါ . . . (မှန်လှပါဘုရား)။

## အကြောင်းကြောင့်ဖြစ်တဲ့စိတ်

အကြောင်းကြောင့် ဖြစ်လာတဲ့ စိတ်ကလေးကို အလိုလိုဖြစ်တဲ့စိတ်လား . . . (မဟုတ်ပါဘူးဘုရား)၊ အကြောင်းကြောင့်ဖြစ်တဲ့စိတ်ကလေး၊ ပဋိစ္စသမုပ္ပါဒ် စိတ်ကလေးဆိုတာ သေချာသွားပါပြီ ဒကာ ဒကာမတို့ အဲဒီ့ပဋိစ္စသမုပ္ပါဒ်စိတ်ကလေးကို ဒကာ ဒကာမတွေကို ဘုန်းကြီးကဟောရမှာက အင်း ဒီ ဒကာဒကာမတွေ ဒီဥစ္စာမုန်းအောင် ရှုရလိမ့်မယ်၊ မလိုချင်အောင်ရှုရလိမ့်မယ်၊ သဲဘောကျပလား . . . (ကျပါပြီဘုရား)။

မလိုချင်အောင် ရှုရလိမ့်မယ်၊ ဆုံးအောင် ရှုရလိမ့်မယ်ဒါ ဘုန်းကြီးတာဝန်နော် . . . (မှန်လှပါဘုရား)၊ ကိုင်း ဒါဖြင့်ဒါ ဟောပါတော့မယ်တဲ့။

ဒီစိတ်ကလေးကို ဘယ်နဲ့ မုန်းအောင် ရှုရမှာတုံးဘုရား၊ ဒကာ ဒကာမတို့ ဒီစိတ်ကလေးဟာ လျှာပေါ်မှာ ပေါ် ပေါ်ပြီးသကာလ အချိုနဲ့ ထိလည်း ပေါ် အချဉ်နဲ့ထိလည်းပေါ်၊ အငံနဲ့ထိလည်းပေါ် အစပ်နဲ့ထိကော . . . (ပေါ်ပါတယ်ဘုရား)။

အင်း ခဏခဏ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ ပေါ်ပြီးသကာလ ခဏခဏ ဒီနေရာမှာပဲ မပျောက်ဘူး

လား . . . (ပျောက်ပါတယ်ဘုရား)၊ အင်း နေရာများ ရွေ့သေး
လား . . . (မရွေ့ပါဘူးဘုရား)။

## ဒီအပေါ်ပေါ်ပြီး၊ ဒီအပေါ်မှာပျောက်တယ်

ကောင်းပြီ . . . ဦးခင်မောင်ရေ၊ ဒီအပေါ် ပေါ်ပြီး ဒီအပေါ် ပျောက်တာပဲ . . . (မှန်လှပါဘုရား)၊ လျှာပေါ်မှာ ပေါ်တယ် . . . (လျှာပေါ်မှာပျောက်ပါတယ်ဘုရား)၊ ဒါသူများ ပြောတာလား၊ ဒကာ ဒကာမတို့ ဉာဏ်တွေ့လား . . . (ဉာဏ်တွေ့ပါဘုရား)၊ အင်း . . . လျှာပေါ်မှာပေါ်တယ် လျှာပေါ်မှာပျောက်တယ်ဆိုတာလည်း အထင်အရှားပဲ . . . (မှန် ပါဘုရား)။

အင်း . . . ဒါဖြင့် စားရင်းသေရှာတာပဲ . . . (မှန်ပါ ဘုရား)၊ ဘယ့်နှဲ့ဆိုကြမတုံး . . . (စားရင်းသေရှာပါတယ် ဘုရား)၊ ဘယ်သူသေတာတုံးဆိုတော့ စားတဲ့လူသေတာ၊ ဘယ်သူ သေသတုံး . . . (စားတဲ့သူ သေတာပါဘုရား)။

စားတော့ကို ဖြစ်ပေါ်လာတော့ စားတာပဲ၊ စား ပြီးသူ သေတာပဲ၊ ဖြစ်ပေါ်လာတာ ဘာပါလိမ့် . . . (စားတာပါဘုရား)၊ စားပြီး ဘာဖြစ်တုံး . . . (သေပါတယ်ဘုရား)၊ ဘယ်သူ သေ တာတုံးဆိုတော့ စားချင်တဲ့လူသေတာ . . . (မှန်လှပါဘုရား)။

ဦးခင်မောင် ဘယ်သူသေတုံး . . . (စားချင်တဲ့ လူသေတာပါဘုရား)၊ ဦးဝင်း . . . (စားချင်တဲ့လူသေတာပါဘုရား)၊ ဩော် . . . စားချင်ရင် သေရမှာပဲ . . . (မှန်လှပါဘုရား)၊ ဒကာ ဒကာမတို့ စားချင်ရင် . . . (သေရမှာပါဘုရား)၊ မစားချင်ရင် . . . (မသေရပါဘူးဘုရား)။

ဩော် . . . ဒါဖြင့် ဒီပုဂ္ဂိုလ်က ဒီနေရာရပြီ၊ ဩော် . . . စားချင်တဲ့ပုဂ္ဂိုလ်က ဒီနေရာတင် သေတာပဲ၊ စားချင်တဲ့ ဥပမာမယ် ရှေ့ပိုင်းက ဒကာတစ်ယောက် စားလို့ ရှေ့ပိုင်းက ဒီအချိန်မှာ ဒကာတစ်ယောက် သေရှာတာပဲ၊ မဆိုနိုင် ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒကာမတစ်ယောက်စားနေပြန်တော့ကော . . . (ဒကာမတစ်ယောက်သေပါတယ်ဘုရား)၊ ဒကာမတစ်ယောက် သေတာပဲ ဒကာ ဒကာမတို့ ဒီအချိန် ဒါနဲ့အသက်ရှင်နေတာကို၊ မနေ့က ပြောခဲ့တဲ့စိတ်တစ်ချက်နဲ့ အသက်ရှင်နေတာကော မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် စားချင်တဲ့ ပုဂ္ဂိုလ်သေသလား၊ မစားချင်တဲ့ ပုဂ္ဂိုလ် သေသလား . . . (စားချင်တဲ့ပုဂ္ဂိုလ်သေပါတယ်ဘုရား)၊ အင်း . . . ခင်ဗျားတို့ စားချင်တာက ခက်ပြီ၊ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)၊ ခင်ဗျားတို့ စားချင်တာ သေချင်လို့ . . . (မှန်ပါဘုရား)၊ ဘယ့်နှဲ့ပါလိမ့် . . . (စားချင်တာ သေချင်လို့

ပါဘုရား) စားချင်တာက သေချင်လို့ပဲ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## စားလိုက်သေလိုက်၊ ဉာဏ်နဲ့ကြည့်

အဲတော့ ခင်ဗျားတို့သည် သြော် . . . ဒီဥစ္စာ စားတာ စားလိုက် သေလိုက် နောက်ကနေ ဉာဏ်နဲ့ ကြည့်လိုက်၊ စားလိုက်၊ သေလိုက်၊ နောက်ကနေ ဉာဏ်နဲ့ကြည့်လိုက် ဆိုတော့ သြော် . . . ဘယ်သူမှ သေတာမဟုတ်ဘူးနော် ဒီဥစ္စာ စားတဲ့ အခိုက် အတန့်မှာ မိမိဆိုတဲ့စိတ်၊ မိမိဆိုတဲ့သူနဲ့ သဟဇာတဖြစ်တဲ့ ရုပ်တို့ပေါ့ဗျာ မသေဘူးလား . . . (သေပါတယ်ဘုရား)။

အင်း စားတဲ့ပုဂ္ဂိုလ်က ကိုယ့်မသာကို ကိုယ့်ကြည့်နေရတာပဲ၊ နောက်ကနေ ပြန်ကြည့်တော့ ဘာတွေ့ရတုံး . . . (ကိုယ့်မသာ တွေ့ပါတယ်ဘုရား) ကိုယ်မသာ ကိုယ်မြင်ရတယ်၊ ဒကာ ဒကာမတို့ ဘာမြင်ရပါလိမ့် . . . (ကိုယ့်မသာ ကိုယ်မြင်ရပါတယ်ဘုရား)။

အင်း စားတဲ့အခိုက်အတန့်မှာလေ၊ ကြာတော့ ဘယ့်နဲ့ ဖြစ်လာတုံး၊ ဒီမသာကြီးပဲ မြင်နေရတာ၊ လျှာပေါ်မှာ ဖြစ်လိုက်၊ ပျက်လိုက်၊ သေလိုက် သေလိုက်နဲ့ ဆိုတော့ ဦးခင်မောင် ကြာတော့ ကိုယ့်မသာ ကိုယ်ကြည့်ရတာ ဘယ့်နဲ့ဖြစ်လာတုံး . . . (မုန်းလာပါတယ်ဘုရား)၊ ဒီလိုကြည့်ပေးရမယ်၊ ဒါ ဘုန်းကြီး

က ဟောပြီ၊ ခင်ဗျားတို့သာကြည့်မုန်းရမယ်၊ မမုန်းပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား)။

## ကိုယ်ခဏာခဏာသေနေတာကိုယ်မြင်

အဘယ့်ကြောင့် ဒီလောက်တောင် မုန်းရသလဲလို့ မေးတဲ့အခါ ကိုယ်ခဏာခဏာသေနေတာ ကိုယ်မြင်ရမယ် . . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဘယ်လို ပါလိမ့် . . . (ကိုယ်ခဏာခဏာ သေနေတာကို ကိုယ်မြင်ရမှာပါ ဘုရား) ဩော် . . . ဒါဖြင့် မုန်းအောင် ဟောရမယ်ဆိုတော့ စားကြည့်ပေတော့ သေမသေသိရအောင် . . . (မှန်လှပါ ဘုရား)။

ဘယ်နဲ့ဆိုကြမတုံး . . . (စားကြည့်ရမှာပါဘုရား)၊ စားကြည့်တော့ ဘယ့်နဲ့နေတုံး . . . (သေပါတယ်ဘုရား)၊ မောင်သစ်တို့ ဘယ့်နဲ့နေတုံးကွ . . . (သေပါတယ်ဘုရား)၊ ဘယ်သူသေတုံးက . . . (စားချင်တဲ့လူသေပါတယ်ဘုရား)၊ ဩော်. . . ခင်ဗျားတို့ သည်ကားဆိုရင်ဖြင့် စားချင်ရင် သေချင် လို့သာ မှတ်ပေတော့ . . . (မှန်လှပါဘုရား)၊ ဘယ်နဲ့ဆိုကြမတုံး . . . (စားချင်ရင် သေချင်လို့ပါဘုရား)။

ဦးခင်မောင် ဒါက မနေ့ကတရားနဲ့ မတူဘူးနော် . . . (မတူပါဘူးဘုရား)၊ နိဗ္ဗိန္ဒဖြစ်အောင်ဟောနည်းတဲ့ ဒကာ

ဒကာမတို့ ငြိမ်းငွေ့အောင် ဟောရမယ်တဲ့ ပထမ ရှေးဦးစွာ ခုနင်က အင်္ဂါတွေမပြောခဲ့ဘူးလား . . . (ပြောခဲ့ပါတယ်ဘုရား)၊ အင်း . . . မုန်းအောင်ဟောနိုင်ရမယ်၊ ဟုတ်ဘူးလား . . . (မှန်လှပါဘုရား)၊ မလိုချင်အောင် ဟောနိုင်ရမယ်၊ ဆုံးအောင်ကော . . . (ဟောနိုင်ရပါမယ်ဘုရား)၊ ဒီလိုဟောတဲ့ပုဂ္ဂိုလ်မှ **ဓမ္မကထိက**ကိုး . . . (မှန်ပါဘုရား)။

## စားချင်ရင်သေချင်လို့

ကျန်တဲ့ပုဂ္ဂိုလ် ဘုရားက **ဓမ္မကထိကလို့** မသွင်းပြန်ဘူး . . . (မှန်ပါဘုရား)၊ ဦးခင်မောင်ရေ ဒီအဟော လွယ်ပဲ့မလား . . . (မလွယ်ပါဘုရား)၊ ကိုင်း . . . ဒကာ ဒကာမတို့ စားချင်ရင်လည်း ဘယ်လိုမှတ်ကြမတုံး သေချင်လို့ . . . (သေချင်လို့ပါဘုရား)၊ ဝတ်ချင်ရင်ကော . . . (သေချင်လို့ပါဘုရား)။

ဝတ်တယ်ဆိုတော့ ကိုယ်ပေါ် အဝတ်ကလေး တင်လိုက်တယ်ဆိုတော့၊ အင်း . . . ကောင်းစိတ်ကလေး၊ **သုခဝေဒနာစိတ်ကလေး** မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ ပေါ်ပြီး ဘာဖြစ်သွားတုံး . . . (ပျောက်သွားပါတယ်ဘုရား)၊ အင်း . . . ခုနင်က ဝတ်လို့ကောင်းတယ်ဆိုရင်း မတ္တနဲ့ ကောင်းပြီး သေတာပဲ . . . (မှန်ပါဘုရား)။

ဒီစိတ်ကလေးနဲ့ အသက်ရှင်နေတာ ဒီစိတ်ကလေး ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)၊ နောက်စိတ် အစားမထိုးရင် ဗိုင်းဗိုင်းမလဲဘူးလား . . . (လဲပါတယ်ဘုရား)၊ သို့သော် သေတော့မသေဘူးလား . . . (သေပါတယ်ဘုရား)၊ အရင်စိတ်နဲ့ သေသွားပြီ . . . (မှန်ပါဘုရား)၊ ဒါနောက်က အစားထိုးထားတာ ဒီလိုမဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ် ဘုရား)၊ သဘောပါပလား . . . (ပါပါပြီဘုရား)။

## ဝတ်ချင်ရင်သေချင်လို့

အင်း . . . ဒါဖြင့် ဝတ်ချင်ရင်သေချင်လို့၊ စားချင်ရင် . . . (သေချင်လို့ပါဘုရား)၊ အင်း . . . ကြည့်ချင်ရင်ကော . . . (သေချင်လို့ပါဘုရား)၊ အင်း . . . ကြည့်ချင်ရင်သေချင်လို့၊ သေချင်လို့ဆိုတော့ ဒကာ ဒကာမတွေက ကြည့်တော့ကြည့်တဲ့ စိတ်ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ ပြီးတော့ ဘယ့်နဲ့နေတုံး . . . (သေသွားပါတယ်ဘုရား)။

အင်း . . . ကြည့်ရင်းမတ္တနဲ့ ဘယ့်နဲ့ဖြစ်တုံး . . . (သေသွားပါတယ်ဘုရား)၊ အင်း . . . သူသေချင်လို့ကြည့်တာ၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ဘယ်လိုကြောင့် ကြည့်တာတုံး . . . (သေချင်လို့ ကြည့်တာပါဘုရား)၊ ဦးဝင်းတို့ သဘောပါကြရဲ့လား . . . (ပါပါတယ်ဘုရား)၊ ဒါရှုနည်းကို

စားစိတ်ကလေးသေ၊ ဝတ်စိတ်ကလေးသေ၊ နားထောင်တဲ့ စိတ်ကလေးကော. . . (သေပါတယ်ဘုရား)၊ အင်း . . . ကြည့်တဲ့စိတ်ကလေး . . . (သေပါတယ်ဘုရား)၊ နမ်းရှိုက်တဲ့ စိတ်ကလေး . . . (သေပါတယ်ဘုရား)၊ အင်း . . . ဒကာ ဒကာမတို့ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဒီနေရာတင်မွေး ဒီနေရာ တင်သေ . . . (မှန်ပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဘယ်နှဲ့ပါလိမ့် . . . ( ဒီနေရာတင်မွေး ဒီနေရာတင် သေပါဘုရား)။

## မသေရာရှာကြပါ

ဩော် . . . ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မသေရာ ရှာကြဆိုတာများ ဦးခင်မောင် မဟောသင့်ဘူးလား . . . (ဟောသင့်ပါတယ်ဘုရား)၊ ဘယ်နှယ့်တုံး ဒကာ ဒကာမတို့ . . . (ဟောသင့်ပါတယ်ဘုရား)၊ ဘာဟောတုံး ဘုရားက . . . (မသေရာရှာကြပါဘုရား)။

မသေရာရှာကြဆိုတာ ဒီလို ကိုယ်ကိုယ်တိုင် ခဏခဏ သေပြီးသကာလ အသက်ငင်ပြီး သေနေရတဲ့အလုပ်ဟာ ဒကာ ဒကာမတို့ ဝမ်းသာစရာလား၊ မုန်းစရာလား . . . (မုန်းစရာ ပါဘုရား)၊ ဒကာ ဒကာမတွေ ဘယ့်နှဲ့ဆုံးဖြတ်ချက်ချမတုံး . . . (မုန်းစရာပါဘုရား)၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ပြောနေတာ . . . (မှန်ပါဘုရား)၊ ဝိပဿနာရှုနည်းကို သေချာ ပြောနေတာ . . . (မှန်လှပါဘုရား)။

ဟုတ်ကောမဟုတ်ဘူးလားတဲ့ မကြည့်ဘဲနေ သေစရာ ကို မပါဘူး . . . (တင်ပါ့ဘုရား)၊ မကြည့်ဘဲ နေကြည့်စမ်းပါ၊ မျက်လုံးမှိတ်တော့ မျက်လုံးထဲမှာ မျက်လုံးကို ငါထင်နေတဲ့ မျက်လုံးစိတ်ကိုပင်လျှင် ငါကြည့်တယ်လို့ ထင်တဲ့ငါတစ်ယောက် ဟာ ပြုတ်ရမှာသေချာတယ် . . . (သေချာပါတယ်ဘုရား)၊ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

အင်း . . . မကြည့်လို့ရှိရင် ဒီနေရာမှာ မသာတစ် လောင်းတော့ မလာဘူး၊ လာပါ့မလား . . . (မလာပါဘူး ဘုရား)၊ သဘောပါကြရဲ့လား . . . (ပါပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် စားချင်ရင် သေချင်လို့၊ ဝတ်ချင်ရင် . . . (သေချင်လို့ပါဘုရား)၊ နားထောင်ချင်ရင် . . . (သေချင် လို့ပါဘုရား)၊ သေချင်လို့ပဲ၊ ကြံရင်ကော . . . (သေချင်လို့ပါ ဘုရား)၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## ခဏခဏသေတာမြင်နေရတယ်

အဲတော့ အဲ့ဒီ သေချင်တဲ့တရားလေးချည်း ကြည့်ကြည့် နေတော့ ခဏခဏ သေတာမြင်နေရတဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သည် မမုန်းပေဘူးလား . . . (မုန်းပါတယ်ဘုရား)၊ ဒီအသေတွေမြင်ရတော့လေ . . . (မှန်ပါဘုရား)။

ကြည့်တဲ့စိတ်ကလေးကလည်း၊ မျက်စိထဲ မွေးပြီး မျက်စိထဲသေ၊ နားထောင်တဲ့စိတ်ကလေးကလည်း . . . (နားထဲမွေးပြီး နားထဲသေပါတယ်ဘုရား)။

အဲတော့ အဲဒါသည် ဘယ်သူသေတာတုံးလို့ မေးလို့ရှိရင်ဖြင့် နားထောင်ချင်တဲ့ ပုဂ္ဂိုလ်သေတာပဲ၊ ဟုတ်ဘူးလား . . . (မှန်ပါဘုရား)၊ အင်း . . . စားချင်တဲ့ပုဂ္ဂိုလ်သေတာပဲ၊ ဝတ်ချင်တဲ့ပုဂ္ဂိုလ်သေတာပဲ၊ ကြံစီတဲ့ပုဂ္ဂိုလ် . . . (သေပါတယ်ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

## သူများအသေလားကိုယ့်အသေလား

အင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ဒါ ခဏခဏ သေနေရတဲ့ အသေသည် သူများအသေလား၊ ကိုယ့်အသေလား . . . (ကိုယ့်အသေပါဘုရား)၊ အင်း . . . ကြည့်ပေးစမ်း ကြည့်ပေးစမ်း ဒကာ ဒကာမတွေ ကိုယ့်အသေတွေဟာ မအားမလပ်အောင်ပဲ သေနေကြလိမ့်မယ်ဆိုတာဖြင့် အမှန်ပါပဲ . . . (မှန်လှပါဘုရား)၊ ကဲ . . . ဦးစံရင်တို့ ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)၊ မကြည့်ရင် မတွေ့ရပါဘူး . . . (မှန်ပါဘုရား)။

ကြည့်ရင် ဘာတွေ့ရမယ်ထင်တုံး . . . (အသေတွေ့ရမှာပါဘုရား)၊ ဘယ်သူ့အသေတွေ့ရမှာတုံး . . . (ကိုယ့်အသေတွေ့ရမှာပါဘုရား)၊ ကဲ . . . မောင်သစ် အရေးမကြီးဘူးလား

အဲဒီတော့ ဒါသေချာသာစိုက်ကြည့် ဘုန်းကြီးကတော့ အဟောမည့်ဘူး၊ ခင်ဗျားတို့ ဒါမုန်းအောင်ကတော့ သေချာတယ် တကယ်သေနေတာလည်း ဘယ်သူမှ ငြင်းလို့မရဘူး . . . (မှန်လှပါဘုရား)၊ မသေဘူးလား . . . (သေပါတယ်ဘုရား) တစ်ယောက် တစ်ယောက်သေတာပဲ ဒကာ ဒကာမတို့ မသေပါနဲ့ဆိုလို့ကို . . . (မရပါဘူးဘုရား)။

## ကိုယ့်အသေကိုယ်မြင်တာ

မရတော့ ဘယ်သူသေတာတုံး မေးတော့လည်း ကိုယ့်အသေကိုယ်မြင်တာပဲ . . . (မှန်လှပါဘုရား)၊ သူများ **သန္တာန်** သေတာလား ကိုယ် ကိုယ်တိုင်သေရတာလား . . . (ကိုယ်ကိုယ်တိုင်သေရတာပါဘုရား)၊ အင်း . . . ကိုယ် ကိုယ်တိုင် တစ်လောင်း တစ်လောင်း ခဏခဏ မပစ်ရဘူးလား . . . (ပစ်ရပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီလိုမြင်နေတဲ့ ပုဂ္ဂိုလ် ဘာဖြစ်လာမယ်ထင်ကြတုံး . . . (မုန်းလာမှာပါဘုရား) အဲ . . . မမုန်းထိုက်ဘူးလား ဒကာ ဒကာမတို့ . . . (မုန်းထိုက်ပါတယ်ဘုရား)၊ ရှင်းပြီနော် . . . (ရှင်းပါတယ်ဘုရား)။

ကောင်းပြီဒါဖြင့် မုန်းအောင်ဟောနိုင်မှ ဆိုတော့ မုန်းစရာကော ဟုတ်ပလား . . . (ဟုတ်ပါတယ်ဘုရား)၊ အင်း

. . . စားချင်သေချင်လို့ . . . (မှန်ပါဘုရား)၊ ဝတ်ချင်ရင် . . . (သေချင်လို့ပါဘုရား) ရှုရှိုက်ချင်ရင်ကော . . . (သေချင်ချင်လို့ပါဘုရား)၊ သေချင်လို့ပဲ နားထောင်ချင်ရင်ကော . . . (သေချင်လို့ပါဘုရား) ကြံစီပြန်ရင်ကော . . . (သေချင်လို့ပါဘုရား)။

## သေတွင်းချည်းတိုးနေတယ်

ဒါဖြင့် ခင်ဗျားတို့သည် သေတွင်းချည်း တိုးနေတယ် . . . (မှန်ပါဘုရား)၊ ဘယ်နဲ့ဆိုကြမတုံး . . . (သေတွင်းချည်း တိုးနေပါတယ်ဘုရား)၊ ဦးခင်မောင် ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။ ဒါ အလုပ်တရား အစစ်ပဲနော် . . . (မှန်လှပါဘုရား)၊ ဒကာ ဒကာမတို့ ဒါဘာတရားပါလိမ့် . . . (အလုပ်တရားအစစ်ပါဘုရား)။

အဲဒီလိုပေါ်ရာကိုသာ ခင်ဗျားတို့က လျှောက်ပြီး သကာလ ကြည့်နေတော့ အသေချည်းတွေ့မှာပေါ့ . . . (တွေ့မှာပါဘုရား)၊ ဘာတွေ့ကြမည်ထင်တုံး . . . (အသေချည်း တွေ့မှာပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုရင်ဖြင့် ဘယ်နည်းနဲ့မှ ဒီအသေလွတ်အောင်တော့ဖြင့် ခင်ဗျားတို့နေလို့ မရ တော့ဘူး . . . (မှန်ပါဘုရား)၊ ရသေးရဲ့လား . . . (မရတော့ပါဘုရား)၊ အသေလွတ်အောင်တော့ နေလို့မရတော့ဘူး၊ စားတဲ့ စိတ်ကလေးလည်း လျှာပေါ်မှာ မွေးပြီး လျှာပေါ်သေတယ်၊

(အရေးကြီးပါတယ်ဘုရား)၊ ဒါဖြင့် ဒီပုဂ္ဂိုလ်ခုနင်က ဘုရားက မင်းနိဗ္ဗာန်ရလိမ့်မယ်လို့ ဟောတာများဗျာ၊ ဒီကတည်းက ရသင့်ပြီဆိုတာ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချဖို့ကောင်းပြီ . . . (မှန်လှပါဘုရား)။

ဒီလောက်ထိအောင် ဒကာ ဒကာမတွေ ဟောတဲ့ပုဂ္ဂိုလ်ကလည်း မဟောတာနဲ့ ခင်ဗျားတို့က မုန်းအောင် ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ မတွေ့ဘဲ ဖြစ်တယ် . . . (မှန်ပါဘုရား)၊ အဲတော့ အဟောဘက်က ဒီလိုပုဂ္ဂိုလ်မှ **ဓမ္မကထိက**လို့ ဘုရားက ဟောတာလည်း ဦးခင်မောင်ရေ ဆုံးဖြတ်ချက်ချသင့်တယ် . . . (ချသင့်ပါတယ်ဘုရား)။

ဘုရားဟောတော်မူတာ မှန်ပါပေတယ် . . . (မှန်ပါတယ်ဘုရား)၊ မှန်ပါပေတယ်၊ **ပဋိစ္စသမုပ္ပါဒ်**ထဲက တစ်ခုခုကို မုန်းအောင်ဟောနိုင်၊ မလိုချင်အောင်ဟောနိုင်၊ ဆုံးအောင်ဟောနိုင်မှ **ဓမ္မကထိက**ကွ၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဓမ္မကထိကကို ရွေးရဦးမှာ . . . (မှန်ပါ့ဘုရား)၊ အင်း . . . ဒီတရားလေး နာရတာဖြင့် ကျုပ်ဖြင့် သိပ်ဝမ်းသာတာပဲဆိုရင် ခက်ပြီကော . . . (မှန်ပါဘုရား)၊ ဘယ့်နဲ့တုံး ခက်သွားပြီတဲ့၊ ဝမ်းသာလို့ရှိရင် **ဝေဒနာ ပစ္စယာ တဏှာ**က လာတော့မယ်၊ မလာပေဘူးလား လာမှာလား . . . (လာမှာပါဘုရား)။

အဲ အခုတော့ဖြင့် တစ်ခုသော တရား မုန်းအောင်၊ မလိုချင်အောင် ဆုံးအောင်ဟောနိုင်မှ **ဓမ္မကထိကလို့ သံယုတ်ပါဠိတော်ကနေ**ာ် . . . (မှန်လှပါဘုရား)။

## ကျောင်းဆောက်ရင် ဘုံပေါက်တယ်

ဒီလိုဟောထားပြန်တော့ ဦးခင်မောင်ရေ ဒါက နိဗ္ဗာန်နဲ့ ပတ်သက်ပြီး ဟောတာကိုဗျ . . . (မှန်လှပါဘုရား)၊ ကျောင်းဆောက်တဲ့နေရာ ဘုရားတည်တဲ့နေရာကျတော့လည်း သူတို့ ပီတိသော မနဿဖြစ်အောင်တော့ ဟောရမယ် . . . (မှန်လှပါဘုရား)၊ ဟုတ်ဘူးလား . . . (မှန်ပါဘုရား)၊ ဒါက **ဒိဋ္ဌဓမ္မနိဗ္ဗာန်**ရချင်တဲ့ ပုဂ္ဂိုလ်ဆိုရင် ဒီကစဟော . . . (မှန်လှပါဘုရား)။

ဟိုဟာတွေက ကျောင်းဆောက်လို့ ဘုံပေါက်တာတွေ၊ အဲဒါတွေက သူ့ဝမ်းသာမှုကို အကြောင်းရင်းခံပြီး ချီးမြှောက်တာတွေ ဟောတော့ ဟောကောင်းတာပဲ . . . (တင်ပါဘုရား)၊ သို့သော် **ဒိဋ္ဌဓမ္မနိဗ္ဗာန်**ရချင်လို့ရှိရင် ဒီကစ . . . (မှန်လှပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်ရချင်ရင်တော့

ဒိဋ္ဌဓမ္မနိဗ္ဗာန်ရချင်ရင် . . . (ဒီကစရမှာပါဘုရား)၊ မုန်းတဲ့အခြေကစရမယ် . . . (မှန်လှပါဘုရား)၊ ဒါဖြင့် ဒကာ

ဒကာမတို့ သန္တာန်စိတ် ဘယ်နှမျိုးရှိတုံး . . . (ခြောက်မျိုး ရှိပါတယ်ဘုရား)၊ အဲဒီခြောက်မျိုးပေါ်တိုင်း ပေါ်တိုင်းသာ နောက်ကနေပြီး လိုက်ရှု . . . (မှန်လှပါဘုရား)၊ ဘာတွေ့ရမတုံး လို့ မေးလို့ရှိရင် ကိုယ့်အသေချည်း တွေ့ရမည် . . . (မှန်လှ ပါဘုရား) သူများအသေတော့ မတွေ့ရဘူး . . . (မတွေ့ရပါ ဘူးဘုရား)၊ တွေ့ရပ့ါမလား . . . (မတွေ့ရပါဘူးဘုရား)။

အဲတော့ တွေ့ပါများတော့ ဘာဖြစ်မယ်ထင်တုံး . . . (မုန်းလာမှာပါဘုရား)၊ ဩော် . . . ဒါဖြင့် ကိုယ့်စိတ်ကိုယ်မုန်းတာ ပဲ ဦးခင်မောင်ရေ . . . (မှန်လှပါဘုရား)၊ ဦးဘတင် ဘာတဲ့ဗျာ . . . (ကိုယ့်စိတ်ကိုယ်မုန်းတာပါဘုရား)၊ ရှင်းပလား ဦးဘအုံး၊ ဦးဝင်းတို့ကော . . . (ရှင်းပါတယ်ဘုရား)၊ **ကမ္မဋ္ဌာန်းကျောင်း** များ ရှာနေစရာ လိုသေးလား . . . (မလိုပါဘူးဘုရား)၊

သူပေါ်တဲ့နေရာ ရှုမိမှလည်း **ကမ္မဋ္ဌာန်း**ကလည်း အမှန်ကိုဗျ . . . (မှန်လှပါဘုရား)၊ အင်း သူပေါ်တဲ့နေရာ စိုက်ခနဲ့၊ စိုက်ခနဲ့ ရှုမိမှ ဦးခင်မောင်ရ အမှန်ကိုဗျ . . . (မှန်လှပါ ဘုရား)၊ ဒါမှ **နိဗ္ဗိန္ဒ**လာမှာ မဟုတ်ဘူးလား . . . (လာမှာပါ ဘုရား)၊ နို့မဟုတ်ရင် လာပ့ါမလား . . . (မလာပါဘူးဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတွေ ဒီခြောက်ဒွါရမှာ ဖြစ်တဲ့ ခြောက်စိတ်ကိုဖြင့် မမေ့ပါနဲ့ . . . (မှန်လှပါဘုရား)၊ ခြောက်ခုလည်းပြိုင်တော့ မပေါ်ဘူး. . . (မှန်ပါဘုရား)၊ တစ်ခုစီပဲ

ပေါ်မယ်- မျက်လုံးပေါ်နေရင် နားနှင့်တကွ ကျန်တဲ့ ငါးနေရာမှာ . . . (မပေါ်ပါဘူးဘုရား)။

## ပင့်ကူကြီးလိုလိုက်ပြီးရှုကြ

အင်း. . . ဝမ်းထဲ ကြွက်လုံးလေးပေါ်လို့ရှိရင် ကျန်တဲ့ငါး နေရာမှာ. . . (မပေါ်ပါဘူးဘုရား)၊ မပေါ်ဘူး၊ ဒါဖြင့် ဒကာ ဒကာမတို့ အဲ့ဒီပေါ်ရာကိုသာ ပင့်ကူကြီးလိုပဲ လိုက်ရှုကြပေတော့ . . . (မှန်လှပါဘုရား)၊ ရှုလိုက်တော့ ဘာတွေ တွေ့ရမတုံး ဦးခင်မောင်ရေ. . . (သေတာတွေ တွေ့ရမှာပါဘုရား)၊ အင်း ဖြစ် ပျက်ဆိုတာ သေတာပဲမဟုတ်လား. . . (မှန်လှပါဘုရား)။

ဒီနေရာမွေးပြီး ဒီနေရာသေတာတွေ့ရတာပဲ. . . (မှန်ပါ ဘုရား)၊ သဘောပါပလား. . . (ပါပါပြီဘုရား)၊ အဲဒီတော့ ကြည့် ပါများလာရင် ဘာဖြစ်မယ်ထင်တုံး. . . (မုန်းလာမှာပါဘုရား)၊ အဲဒီလို မုန်းအောင် ဟောနိုင်တာမှ ဘာတဲ့တုံး . . . (ဓမ္မကထိက ပါဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် (၁)နံပါတ်တော့ ဘုန်းကြီးဘက်က လုံလောက်သွားပြီ. . . (မှန်ပါဘုရား)၊ ခင်ဗျားတို့ မုန်းအောင် တော့ဖြင့် ဟောပြီးပြီ၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ မမုန်းတာတော့ ဖြင့် ဘုန်းကြီး မတတ်နိုင်ဘူး. . . (မှန်ပါ)၊ မုန်းအောင်တော့ ဟော ထားပြီး၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ အခုမှန်းဉာဏ်ကလေးကော လာသင့် သလောက်မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ကဲ . . . လာလို့ ရှိရင်လည်း ဒါ ခင်ဗျားတို့လည်း တရားနာတည့်တာပဲလို့ ဆိုရမှာ ပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## ခြောက်နေရာမှာကြည့်

ဒကာ ဒကာမတို့ ကိုယ်သေတာမြင်ရလို့ရှိရင် ဘယ်နဲ့ ဆိုကြပါ့မတုံး. . . (မှန်းပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်သေတာ ကိုယ်မြင်အောင်ကြည့်ပါ. . . (မှန်လှပါဘုရား)၊ ကြည့်တတ်ပလား. . . (ကြည့်တတ်ပါပြီဘုရား)၊ ဘယ်နေရာ ကြည့်ရမယ်. . . (ခြောက်နေရာကိုကြည့်ရမှာပါဘုရား)၊ အဲ. . . ခြောက်နေရာမှာကြည့်၊ ခြောက်နေရာမှ တစ်ပါး ဘယ်နေရာမှ မပေါ်ဘူး. . . (မှန်ပါဘုရား)၊ ခြောက်နေရာမှာ များများမကြည့် ပါနဲ့ ပေါ်ရာတစ်ခုသာကြည့်ပေးပါတော့. . . (မှန်ပါဘုရား)။

ဦးခင်မောင် ဘာကြည့်ရမတုံး. . . (ပေါ်ရာတစ်ခုကြည့် ရမှာပါဘုရား)၊ နှစ်ခုကော ပြိုင်ပေါ်နိုင်ရဲ့လား. . . (မပေါ်နိုင်ပါ ဘုရား)၊ ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်အသေ ကိုယ်မြင်လို့ ရှိရင်ဖြင့် ကိုယ့်ဉာဏ်ဟာ ဘာဖြစ်လာမယ် ထင်တုံး . . . (မှန်းလာမှာပါဘုရား)။

## မုန်းညာဏ်တက်လာတယ်

အဲ . . . မုန်းညာဏ်တက်လာတယ် ဒကာ ဒကာမတွေဘာ ဖြစ်မယ်ထင်တုံး. . . (မုန်းညာဏ်တက်လာပါတယ်ဘုရား)၊ လုပ် ကြည့်ပါဦး မမုန်းဘူးဆိုတော့ ဘုန်းကြီး အဟောညံ့လို့ပေါ့ဗျာ၊ ဟုတ်ဘူးလား မုန်းတော့မုန်းရမယ်၊ တစ်နည်းအားဖြင့် ဘုန်းကြီး အဟောညံ့လို့ရှိရင်လည်း ဆွဲချက်တင်၊ ခင်ဗျားတို့အတင့်ရဲလွန်းရင်လည်း ပြောချင်ပြော၊ အကိုက်တော့အကိုက်ပဲ သူကတော့ . . . (မှန်ပါဘုရား)။

မုန်းတော့ဖြင့် မမုန်းသင့်ဘူးလား . . . (မုန်းသင့်ပါတယ်ဘုရား)၊ ဒီပြင်နေရာ မကြည့်ပါနဲ့ သူများသေတာတောင်မှ ခင်ဗျားတို့ တစ်နေ့မှာ မသာလောင်းပေါင်း ဒီအရပ်က လေးငါးဆယ်လောက် အလောင်းပေါင်း ကိုယ့်အိမ်ရှေ့က ဖြတ်ဖြတ်ပြီး ထမ်းသွားတာ မြင်လိုက်ရင် ဘယ်နဲ့နေတုံး . . . (မုန်းပါတယ်ဘုရား)၊ မုန်းဘူး လား. . . (မုန်းပါတယ်ဘုရား)။

## ဒါမျိုးက မုန်းတာမဟုတ်ဘူး

အဲဒါက အမုန်းမဟုတ်ဘူးတဲ့ အကြောက်၊ ကြောက်တာ . . . (မှန်လှပါဘုရား)၊ အင်း. . . ငါများပါသွား ခက်ချည်ရဲ့၊ အဲဒါမုန်းတာမဟုတ်ဘူးဗျ၊ မုန်းတာဟုတ်ကဲ့လား. . . (မဟုတ်ပါဘူးဘုရား)၊ မုန်းတာက ဒါမျိုးမဟုတ်ဘူးတဲ့ ဒကာ ဒကာမတို့ ဒီခန္ဓာ

ကြီးနဲ့ကို၊ ဒီအသေကြီးနဲ့ကို မနေချင်တော့တာမှ ဘယ်နဲ့ဆိုကြ မတုံး. . . (မုန်းတာပါဘုရား)။

အခု အသေခန္ဓာကြီးနဲ့ကို အခုများ **နိဗ္ဗာန်**ရမယ်ဆို ဘာတုံး. . . (မုန်းတာပါဘုရား)၊ ဟိုဟာက ကြောက်တာ. . . (မှန်ပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ကြောက်တာနဲ့ မုန်းတာကော ကွဲပလား. . . (ကွဲပါပြီဘုရား)၊ ခင်ဗျားတို့က ဘယ်ဘက်ကများနေတုံး. . . (ကြောက်တာကများပါတယ်ဘုရား)။

## ကြောက်တာနဲ့မုန်းတာတစ်ခြားစီ

ကြောက်တာကများလို့ရှိရင် ဟိုဘက်ကြောက်တယ် ဒီဘက်ခင်တယ်. . . (မှန်ပါဘုရား)၊ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ ဟို သူများသေတာတော့ ကြောက်တယ်၊ ကိုယ်တော့ မသေပါရစေနဲ့၊ ကိုယ့်ကျတော့ ခင်ဖော်ခင်ဘက်ဖြစ်နေတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အမလေး ဒကာ ဒကာမတွေ ခင်ဗျားတို့က မသာတွေ မြင်ရတာကြောက်လိုက်တာဆိုတော့ **ဘယဉာဏ်**တွေများ ဖြစ်နေသလားလို့ အောက်မေ့မနေနဲ့ **ဘယဉာဏ်**မဟုတ်ဘူး ဒီဥစ္စာ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ **ဒေါမနဿ**ဖြစ်နေတာ၊ မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဖြစ်တယ်မဖြစ်တယ်ကြည့်ပါလား၊ ဖျတ်ဆို နောက်ပြန်လှည့်သွားတယ် . . . (မှန်လှပါဘုရား)၊ မလှည့်ဘူးလား . . . (လှည့်ပါတယ်ဘုရား)၊ ပြတင်းပေါက်နားထိုင်နေတာ ဟိုက ထမ်းချလာရင် ပြေးပြီနောက်ပိုင်းကို . . . (မှန်လှပါဘုရား)၊ မပြေးဘူးလား . . . (ပြေးပါတယ်ဘုရား)။

အဲဒါ ပြေးတာ ထောက်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ဒါ **သံဝေဂဉာဏ်ဝင်လို့**လား၊ ကြောက်လို့လား . . . (ကြောက်လို့ပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ကိုယ့်ကိုယ်ကို ရွံကြောက်ဖြစ်အောင် လုပ်ပါ

အဲတော့ သူများကျတော့ ခင်ဗျားတို့က ကြောက်တယ်တဲ့၊ အဲတော့ ကိုယ့်ကိုယ်ကို ရွံကြောက်ဖြစ်လာအောင်လုပ်ပါ . . . (မှန်လှပါဘုရား)၊ ဘယ်နဲ့ဆိုကြမတုံး . . . (ကိုယ့် ကိုယ်ကို ရွံကြောက်ဖြစ်လာအောင်လုပ်ပါ)၊ ခဏ ခဏများ စားချင်တဲ့ စိတ်ကလေးဟာလည်း စားချင်တဲ့ပုဂ္ဂိုလ်လေး၊ ချက်လိုက်ရတာ ပြုတ်လိုက်ရတာလည်း လွန်လို့ အင်း . . . ချက်တုန်းလည်း ချက်သေ သေနေတာပဲ. . . (မှန်လှပါဘုရား)၊ ဦးခင်မောင် . . . (မှန်လှပါဘုရား)။

စားတဲ့အခါကော. . . (စားသေ သေနေတာပါဘုရား) အင်း. . . အိပ်ပြန်တော့ကော. . . (အိပ်သေ သေတာပါဘုရား)

အသေကိုရပ်လို့ ရရဲ့လား. . . (မရပါဘူးဘုရား)၊ ဘာဆုတောင်း ထားလို့များ ဒီလောက်ပြည့်နေပါလိမ့် . . . (အသေဆုတောင်း ထားလို့ပါဘုရား)၊ အသေဆုတောင်း ထားလို့ဆိုတာပါတယ်၊ လူဖြစ်ရပါလို၏ဆိုတာ ပါတယ်၊ လူဖြစ်ရပါလို၏ဆိုတာ လူသေ သေရပါလို့၏. . . (မှန်လှပါဘုရား)။

## နတ်ဖြစ်ရပါလို၏ဆိုတာ

နတ်ဖြစ်ရပါလို၏ဆိုတာ. . . (နတ်သေသေရပါလို၏ ပါဘုရား)၊ ဗြဟ္မာဖြစ်ရပါလို့၏. . . (ဗြဟ္မာသေသေရပါလို၏ပါ ဘုရား)။

ဒါကြောင့်မတောင်းကောင်းဘူးပြောတာပေါ့ဗျ၊ တောင်း ကောင်းရဲ့လား. . . (မတောင်းကောင်းပါဘူးဘုရား)။ ရှေးက တောင်းတာတွေများ ခင်ဗျားတို့လျှာတွေပါ ခြစ်ပစ်ဖို့ကောင်း တယ် . . . (မှန်လှပါဘုရား)၊ မှားသလား . . . (မမှားပါဘူး ဘုရား)။

## အသေတွေတောင်းထားတာ

ဘာတွေ တောင်းထားသတုံး. . . (အသေတွေတောင်း ထားတာပါဘုရား)။ အင်း. . . အသေရှားလို့တောင်းတာလား၊ အသေပေါလို့တောင်းတာလား. . . (အသေပေါလို့တောင်းတာ

ပါဘုရား)။ ယခုတောင်အသေရပ်ပြီလား. . . (မရပ်ပါဘူး ဘုရား)။ မရပ်ခင်က နောက်အသေတွေ အမွေပြတ်သွားမှာစိုး လို့လား၊ ဒါပဲ မေးစရာရှိတယ်၊ ဒိပြင့်ဘာရှိသေးသတုံး . . . (မရှိပါဘုရား)။

ရှုံးပုံ၊ ရှုံးပုံ၊ ဦးဝင်း ဒါ ဘာခေါ်မလဲ. . . (ရှုံးပုံပါဘုရား)။ ရှုံးပုံပဲဆိုတာ ဘုန်းကြီးက နှုတ်ကြမ်းသလား၊ ဒကာ ဒကာမတွေ အလုပ်က ကြမ်းသလား. . . (အလုပ်ကကြမ်းပါတယ်ဘုရား)၊ နှုတ်ကပျော့နေသေးတယ်၊ ဟုတ်ဘူးလား၊ အလုပ်ကကြမ်း နေတယ်။

အဲဒါကြောင့် နှုတ်ကြမ်းတာ မဟုတ်ပါဘူး၊ အလုပ်ကြမ်း တာဆိုတာ ဦးခင်မောင် မှတ်မိပြီလား . . . (မှတ်မိပါပြီဘုရား)၊ အလုပ်က ဒီထက်ပိုနေတယ် . . . (မှန်လှပါဘုရား)၊ ဘဝ ဆက်တိုင်း တောင်းနေပါသေးတယ်။

ဒီထဲ ဒီထက်ကြမ်းဘယ်ရှာတွေ့တော့မတုံး. . . (မတွေ့ ပါဘုရား)။ ဘယ်တော့မှ မလွတ်ပရစေနဲ့ကော မပါဘူးလား . . . (ပါပါတယ်ဘုရား)။ ဘဝဆက်တိုင်း ဆက်တိုင်း လွတ်ရေးကျွတ် ရေးပါသေးရဲ့လား. . . (မပါပါဘူးဘုရား)။

## အဆုံးစွန်သောဘဝ

အဲ့ဒီတော့ ဘုန်းကြီးက မင်းတို့ဟာကွာ လွန်လွန်းလှ တယ်၊ အသေချည့်ဆုတောင်းနေတာပဲဆိုတော့ နှုတ်ကြမ်းတယ်

လို့ ထင်ချင်ထင်မယ်၊ ခင်ဗျားတို့က ဘယ်အခါကာလမဆို အဆုံး စွန်သောဘဝ၊ ဘယ်တော့မှလည်း ဆုံးမှာမဟုတ်ဘူး . . . (မှန်ပါ ဘုရား)။ ရှေ့မြင်သေးရဲ့လား . . . (မမြင်ပါဘူးဘုရား)။

အကြိမ်ကြိမ်ခံစား၍ဆိုတော့၊ အကြိမ်ကြိမ်ခံစားရင် အကြိမ်ကြိမ်သေနေရမှာ. . . (မှန်ပါဘုရား)။ သဘောကျပြီ လား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်လိုဆုံးဖြတ်ချက်ချမတုံး၊ လက်ရှိမှန်းလိုက် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား။

လျှာပေါ်မှာ မိမိတစ်ယောက်သေတယ်ဆို၊ ဩော်. . . သေပြန်ပြီတစ်ယောက်၊ ဟုတ်ပြီလား. . . (မှန်ပါဘုရား)။ နားထဲ တစ်ယောက်သေပြန်ပြီ၊ နားထဲကြားလိုက်ပြန်လို့ရှိရင်၊ နှာခေါင်းက အမွှေးနံ့ကလေး ရှူလိုက်ပြန်ပြီ . . . (တစ်ယောက် သေပြန်ပြီဘုရား)။

## သေချင်လို့သေတာ

အင်း. . . သေချင်လို့သေတာနော် . . . (မှန်ပါ ဘုရား)၊ သဘောကျပြီလား . . . ပုရွက်ဆိတ်ကလေးသည် ကားလို့ဆိုရင် ပျားရည်ပန်းကန်ထဲမှာ ဒကာ ဒကာမတို့ စားတဲ့အခါ ကြည့် ပါတော့ သေချင်လို့စားတာလို့ ခင်ဗျားတို့က မပြောကြဘူးလား . . . (ပြောပါတယ်ဘုရား)။

တော်တော်ကြာကျတော့ သူက ခြေထောက်ကလေးနဲ့ ဟိုလျှောက် ဒီလျှောက်၊ မရုံးနိုင်သေး၊ မသေဘူးလား. . . (သေပါတယ်ဘုရား)။

ဩော်. . . တိရစ္ဆာန်များဟာ အသေခံမိုက်တာကိုး၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။ ခင်ဗျားတို့ ကော. . . (အသေခံမိုက်ပါတယ်ဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

အင်း. . . လေးချောင်းနဲ့ နှစ်ချောင်းကွာတယ်။ ဒီလိုပြောတော့ခင်ဗျားတို့က နှုတ်ကြမ်းတယ်လို့ ထင်ချင်ထင်ဦးမှာ၊ နှုတ်ကြမ်းတာလား၊ အလုပ်ကြမ်းတာလား. . . (အလုပ်ကြမ်းတာပါဘုရား)။ အဲ့ဒါလေး အဖြေထည့်ကြပါဦးဗျ၊ နို့မဟုတ်ရင် ဘုန်းကြီးတစ်ပါးတည်းဖြစ်နေတယ်။

ခင်ဗျားတို့က လွန်နေတယ်၊ မလွန်ဘူးလား . . . (လွန်ပါတယ်ဘုရား)။ ကောင်းပြီ ဒါဖြင့် ကြပ်ကြပ်ညှက်နဲ့ စဉ်းစားပြီး သကာလ ကိုယ့်အသေကိုယ်မြင်ဖို့ရာသည် ဒွါရခြောက်ပေါက်မှာ အံမလေး လူကသာ အိပ်နေတယ် လှည့်သေနေတယ်. . . (မှန်ပါဘုရား)။

## အိပ်နေတော့ဘဝင်စိတ်

အိပ်နေတော့ ဘဝင်စိတ်ကလည်း၊ အင်း. . . တစ်ခု

သော ဘဝင်စိတ်ကရှုဖို့ လေထုတ်ဖို့ နောက်ဘဝင်စိတ်က လေရှိုက်ဖို့ အင်း. . . ဒီဘဝင်စိတ်ကလေးတွေနဲ့ တစ်ယောက်သေရင် တစ်ယောက်အစားထိုး၊ တစ်ယောက်သေရင် တစ်ယောက်အစားထိုးနဲ့၊ အိပ်နေတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ **ထွက်သက်ဝင်သက်**နဲ့ ပြောမယ်ဆိုလို့ရှိရင်ဖြင့် သုံးရာခြောက်ဆယ်သေတယ် . . . (မှန်ပါဘုရား)။ လူပေါင်းလူပေါင်းနည်းသလားဗျာ. . . (မနည်းပါဘူးဘုရား)။

**ဝင်သက်**ကလည်း သုံးရာခြောက်ဆယ်မနေဘူးလား . . . (နေပါတယ်ဘုရား)။ တစ်နာရီကို ခုနှစ်ရာ့နှစ်ဆယ်၊ ဘယ်နှယ့်နေတုံး၊' ဘာတွေသေကြတာတုံး. . . (ထွက်သက်ဝင်သက်ပါဘုရား)၊ **ထွက်သက်ဝင်သက်**သေတာ၊ ခင်ဗျားတို့ သေနေတာ. . . (မှန်ပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဘယ်သူသေတာတုံး. . . (ထွက်သက်ဝင်သက်ပါဘုရား)၊ ကိုယ်တိုင်သေနေတာဗျ. . . (မှန်ပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## ကိုယ်တိုင်သေနေတာ

ဦးခင်မောင် ဘယ်သူသေနေတာတုံးဗျ. . . (ကိုယ်တိုင်သေနေတာပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ရှူချင် ရှိုက်ချင်တဲ့ပုဂ္ဂိုလ်ဟာ သေချင် လို့ပဲ . . . (မှန်လှပါဘုရား)။ မဟုတ်ဘူးလား . . . (မှန်ပါ ဘုရား)။

ခင်ဗျားတို့က ထင်တာကတော့ **အရှူ အရှိုက်**မရှိမှ သေပြီ ဘယ်လောက် ရိုင်းနေသတုံး၊ ဂွမ်းကလေးတို့ ကြည့် ခင်ဗျားတို့က နှာခေါင်းလေးနား ထားကြည့်တယ်၊ မရှူဘူး၊ မရှိုက်ဘူးတဲ့၊ လာတယ် ခင်ဗျားတို့က၊ မရှူဘူးတဲ့၊ ဒီလိုပြောလေ့ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အင်း. . . နဂိုကိုက မရှိတာ၊ ခင်ဗျားတို့က ခုမှ မရှူဘူး ထင်နေလို့၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

နဂိုကိုကတည်းက ရှူပြီးတဲ့**နာမ်ရုပ်**ဟာ ဘယ်နှယ့်တုံး . . . (သေပါပြီဘုရား)။ သေပြီ၊ တစ်လောင်းသေပြန်ပြီ။ အင်း . . . ပြန်ရှိုက်ပြန်တော့ကော. . . (သေပါပြီဘုရား)။ ရှိုက်ပြီး သည်နဲ့ တစ်ပြိုင်နက်တည်း. . . (သေပါပြီဘုရား)။

## ဂွမ်းကိုဆရာတင်နေတယ်

အင်း. . . မရှူဘူး လုပ်ပုံလား၊ ဒီကျတော့ မရှူဘူးမလုပ် ဘူး၊ အလကား ဂွမ်းဆရာတင်နေတယ်၊ **ဉာဏ်ကို ဆရာတင်**၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဘာဆရာတင်ရမတုံး. . . (ဉာဏ်ဆရာတင်ရမှာပါ ဘုရား)။ ခင်ဗျားတို့ နဂိုက ဆရာလုပ်နေတာက. . . (ဂွမ်းဆရာ

လုပ်နေပါတယ်ဘုရား)၊ ဝွကျလိုက်တာဗျာ၊ ဝွမ်းများဆရာတင် ရတယ်လို့ ဖြစ်မှုဖြစ်ရလေထဲကပဲ။

ဦးဝင်းရွေ အတော်ညာဏ်တုံးလို့ ဝွမ်းဆရာတင်တာပေါ့၊ ဦးခင်မောင်ကြီးတို့ ဘာများ ဆရာတင်ဘူးသတုံး. . . (ဝွမ်းပါ ဘုရား)။ ဝွမ်းပါပဲ၊ အံမလေး၊ ဖြစ်မှုဖြစ်ရလေထဲကဖြစ်နေပြီ၊ နောက်ဝွမ်းဆရာမတင်နဲ့ ဒကာ ဒကာမတို့၊ ညာဏ်ကို ဆရာတင် . . . (မှန်ပါဘုရား)။

**ညာဏ်ကို ဆရာတင်**တော့၊ ဟာ . . . ငါတစ်ယောက် သေပြီ လို့ နောက်က **ညာဏ်က** မမြင်ဘူးလား . . . (မြင်ပါတယ် ဘုရား)၊ နောက်တစ်ခါ ပေါ်လာပြန်တော့၊ ညာဏ်ဆရာတင် လိုက်တော့ ဟာတစ်ယောက် သေပြန်ပြီလို့ သူကမပြောဘူး လား. . . (ပြောပါတယ်ဘုရား)။

## ညာဏ်ကိုဆရာတင်ကြ

အဲ့ဒီတော့ ဘယ်သူ့ဆရာတင်ရမတုံး. . . (ညာဏ်ဆရာ တင်ရမှာပါဘုရား)။ အဲ. . . နောက် ဝွမ်းဖြုတ်၊ ညာဏ်ဆရာတင် ကြ၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဝွမ်းသာ ဆရာတင်နေကြမယ်ဆိုရင်ဖြင့် မျက်ရည်ကျဖို့ စိတ်ကူးပါ၊ ဟုတ်ပြီလား. . . (မှန်ပါဘုရား)၊ ညာဏ်ဆရာတင် မယ်ဆိုရင် ဒီခန္ဓာမုန်းပြီ၊ သဘောကျပြီလား. . . (မှန်ပါဘုရား)။

ဉာဏ်ဆရာတင်ရင်. . . (ခန္ဓာမုန်းပါပြီဘုရား)၊ ဂွမ်းဆရာတင်ရင်. . . (မျက်ရည်ကျရမှာပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ အံ့မလေး . . . အတော်ပြောရတယ်ဗျ၊ ဒီနှစ်လုံးထဲတင်နာရီမနည်းဘူး၊ ထူလွန်းလို့၊ ထူလွန်းလို့. . . (မှန်ပါဘုရား)၊ မထူဘူးလား၊ ထူသလား . . . (ထူပါတယ်ဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီးပြောတဲ့အတိုင်းသာ ကြည့်မယ်ဆိုရင် ခင်ဗျားတို့ ပျော်တဲ့ဉာဏ်လာမလား၊ ပျင်းမုန်းငြီးငွေ့တဲ့ဉာဏ် လာမလား. . . (ပျင်းမုန်းငြီးငွေ့တဲ့ဉာဏ်လာမှာပါဘုရား)။

## ဘယ်ခန္ဓာမဆို အသေပဲရမယ်

ဒါဖြင့် ဘုန်းကြီးတာဝန် ကုန်ပြီနော်. . . (မှန်ပါဘုရား)။ မကုန်သေးဘူးလား. . . (ကုန်ပါပြီဘုရား)။ ကုန်ပြီ၊ ကုန်ပြီ၊ ဒါဖြင့် မုန်းအောင်ဟောနိုင်မှကိုး၊ ပြီးတော့ မလိုချင်အောင် ဟောနိုင်မှဆိုတော့ ဒီလိုအသေချည့်ရမယ် ဒကာ ဒကာမတို့၊ **နတ်ခန္ဓာ**ရလည်း ခဏ ခဏ အသေပဲရမယ်၊ **ဗြဟ္မာ ခန္ဓာ**ရရင်ကော . . . (အသေပဲရမှာပါဘုရား)။

စိတ်ထဲက ဘယ်နှယ့်ပေါက်သတုံး မလိုချင်ဘူး၊ ဟော . . . နှစ်နံပါတ်လည်း လာတော့တာပဲ၊ မလိုချင်ဘူးဆိုတာ မပေါ်

လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။ သဘောကျ ပြီလား . . . (ကျပါပြီဘုရား)။

ဒီလိုပဲ ဒကာ ဒကာမတွေရေ ရောက်ရာမှာ ခင်ဗျားတို့ ခဏ ခဏ သေပွဲဝင်နေရမှာပဲ၊ တော်လောက်ပါပြီဘုရား၊ ဒါဖြင့် မလိုချင်တော့ပါဘူး. . . (မှန်လှပါဘုရား)။

မလာဘူးလား . . . (လာပါတယ်ဘုရား)၊ ဉာဏ်ဆရာ တင်လိုက် တဲ့အခါကျတော့ မလိုချင်တာ တစ်ခါတည်းလာတယ် . . . (မှန်ပါဘုရား)၊ မလာဘူးလား . . . (လာပါတယ်ဘုရား)၊ ဘယ်နှစ်ချက်ရှိသွားပြီတုံး . . . (နှစ်ချက်ရှိသွားပါပြီဘုရား)။

## အသေဇာတ်သိမ်းသွားတယ်

နောက်နှစ်ချက်တင်မကဘူး၊ ကိုင်း . . . ဒီလောက် ဒုက္ခရောက်တာတော့ ဇာတ်သိမ်းချင်ပါပေါ့ဘုရား၊ မလာဘူး လား . . . (လာပါတယ်ဘုရား)။

ဒီလောက်ဒုက္ခရောက်တာတော့ ဇာတ်သိမ်းချင်ပါပေါ့ ဘုရားဆိုတော့ကို တစ်ခါတည်း ဒကာ ဒကာမတွေ **သန္တာန်**မှာ သူနဲ့ပတ်သက်တဲ့ ခင်တွယ်တဲ့ **တဏှာ**က ချုပ်သွားတော့ သူကလည်း ဇာတ်သိမ်းသွားတာပဲ . . . (မှန်ပါဘုရား)၊ အသေ ကလည်း ဇာတ်သိမ်းသွားတယ် . . . (မှန်ပါဘုရား)၊ ဟုတ်ဘူး လား။

## သူ့နေရာနိဗ္ဗာန်အစားထိုးတယ်

မသေရာနိဗ္ဗာန်က သူ့နေရာအစား မထိုးဘူးလား . . . (ထိုးပါတယ်ဘုရား)၊ အဲ . . . ဒကာ ဒကာမတို့ ဒီလိုသာကြည့်လို့ရှိရင် **နိဗ္ဗာန်**မရဘူးလို့ ပောရင် လွဲတော့မပေါ့ . . . (မှန်ပါဘုရား)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

**နိဗ္ဗာန်**ရောက်မှ ရောက်ပါ့မလားလို့များ သံသယရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)၊ မရှိနဲ့ သေချာတယ်၊ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးဘက်က ဘယ်နှစ်ချက် ပောလိုက်သတုံး . . . (သုံးချက်ပောလိုက်ပါတယ်ဘုရား)၊ ကိုင်း . . . ခင်ဗျားတို့ဘက်ကလည်း သုံးချက်။

ခင်ဗျားတို့ဘက်က သုံးချက်ကတော့ ခင်ဗျားတို့ကို သင်ပေးရဦးမှာ အပြီးသတ်တော့ ပောတဲ့ဘက်က ပြီးလို့ရှိရင် ငါ့တာဝန်ပြီး ထိုင်နေဖို့မဟုတ်သေးဘူး၊ ခက်လိုက်တာက၊ ဘာလုပ်ရဦးမှာတုံးဗျ၊ ထိုင်ရဦးမှာပဲဗျာ၊ တယ်မထူးလှပါဘူး၊ နားဖို့အတွက်ကို မပါပါဘူး။

ခင်ဗျားတို့ဘက်ကတဲ့၊ ခင်ဗျားတို့**သန္တာန်**ဖြစ်တဲ့ စိတ်ကလေးကို ရှေးဦးစွာ မှန်းအောင်ကျင့်ရမယ် . . . (မှန်ပါဘုရား)။

မှန်းအောင်ကျင့်ဆိုတော့ ကျင့်နည်းကို ပြောမှရမယ်တဲ့၊ မှန်းအောင်ကျင့်ရမယ်၊ မလိုချင်အောင်ကျင့်ရမယ်၊ ဆုံးအောင်

ကျင့်ရမယ် . . . (မှန်ပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## မုန်းအောင်မလိုချင်အောင်ကျင့်ရမယ်

ဘယ်လိုကျင့်ရမှာတုံး . . . (မုန်းအောင်၊ မလိုချင်အောင်၊ ဆုံးအောင်ကျင့်ရမှာပါဘုရား)၊ ဆုံးအောင် ကျင့်ရမယ်၊ ခင်ဗျားတို့**သန္တာန်**ဖြစ်တဲ့ စိတ်ကလေးတွေပေါ့ဗျာ၊ **ပဋိစ္စသမုပ္ပါဒ်** စိတ်ကလေးနော် . . . (မှန်ပါဘုရား)။

ဒီစိတ်ကလေးဟောလိုက်သဖြင့် **ဝိညာဏ်**ဟောလိုက်သဖြင့် နာမ်ရုပ်လည်း ဒီအတိုင်းပေါ့ဗျာ . . . (မှန်လှပါဘုရား)၊ **သဠာယတန**ရှုချင်ရင်ကော . . . (ဒီအတိုင်းပါဘုရား)၊ ဖဿရှုတော့ကော . . . (ဒီအတိုင်းပါဘုရား)။

အင်း . . . **ဖဿ**မုန်း၊ **ဖဿ**မလိုချင်၊ ဟုတ်လား၊ **ဖဿ** ဆုံးအောင်ရှုရင်ပြီးသွားမှာပဲ။

## ရှုစရာ (၁၂) ခု

အဲဒီတော့ **ပဋိစ္စသမုပ္ပါဒ်** (၁၂)ခုဟာ ရှုစရာချည့်လို့ မှတ်ပါ . . . (မှန်လှပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက **ပဋိစ္စသမုပ္ပါဒ်** (၁၂) ခုကို ရှုစရာလို့ သေသေချာချာ **သံယုတ်**

**ပါဠိတော်**မှာ ဟောတယ်၊ သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

ရှုစရာများရှားနေသလား . . . (မရှားပါဘူးဘုရား)၊ မရှု တတ်ရင်ရှားလို့ ရှုတတ်လို့ရှိရင်ခင်ဗျားတို့ **သန္တာန်**မှာ နားပေါက် ကလည်း **ပဋိစ္စသမုပ္ပါဒ်** ရှိတာပဲ၊ တစ်နေ့က ပြခဲ့ပြီ၊ နှာခေါင်း ပေါက်ကကော . . . (ရှိပါတယ်ဘုရား)၊ **ဒွါရ** (၆) ပေါက်စလုံး ဗျာ . . . (ရှိပါတယ်ဘုရား)

အဲဒီတော့ **ဒွါရ** (၆)ပေါက်ကကော နားသေးရဲ့လား . . . (မနားပါဘူးဘုရား)၊ မနားကကော ပေါ်ရာကိုသာ လိုက် မယ်ဆိုရင် ဒီ**စိတ်ဝိညာဏ်**တွေ မတွေ့ပေဘူးလား . . . (တွေ့ပါ တယ်ဘုရား)၊ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေဘက်က ရှုနည်းက ဒီလိုပါတဲ့၊ **ဓမ္မာနုဓမ္မပဋိပတ္တိ** ဖြစ်ဖို့ပဲ ဂရုစိုက်ရမယ်နော် . . . (မှန်ပါ ဘုရား)၊ ဘာဂရုစိုက်ရမတုံး . . . (ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ဖို့ ဂရုစိုက်ရမှာပါ ဘုရား)။

**ဓမ္မ**၊ ဒီက **ဓမ္မ** ဟုတ်လား၊ **အနု ပဋိ ပတ္တိ**၊ ဒီက **အနု ပဋိ ပတ္တိ** ဟုတ်လား၊ ဒီကဘာတုံး . . . (ဓမ္မပါဘုရား)၊ ဒီက . . . (အနုပဋိပတ္တိပါဘုရား)၊ ပေါင်းလိုက်တဲ့ အခါကျတော့ . . . (ဓမ္မာနု ပဋိပတ္တိပါဘုရား)၊ အံမလေး . . . ကလေးတွေလို သင်နေရပါလား။

## လျှော်အောင်ကျင့်တာ

မလွယ်ပါလား၊ ဒီဘက်က ဘာပါလိမ့် . . . (ခမ္မပါဘုရား)၊ ဒီဘက်က . . . (အနုပဋိပတ္တိပါဘုရား)၊ **အနုပဋိပတ္တိ၊ အနု**က လျှော်တာ၊ **ပဋိပတ္တိ**က ကျင့်တာ၊ လျှော်အောင်ကျင့်တာ။

ဒါကဘာတဲ့ . . . (အနု ပဋိ ပတ္တိပါဘုရား)၊ မြန်မာလိုပြန်တော့ . . . (လျှော်အောင်ကျင့်တာပါဘုရား)၊ လျှော်အောင်ကျင့်လို့ ဆိုတဲ့ဥစ္စာကျတော့၊ ဘယ်သူနဲ့ လျှော်ရမှာတုံးဆိုတော့ မင်းတို့ကွာ သင့်လျော်သလို သင့်အောင် နေကြမှာပေါ့ ဆိုတော့ တစ်ယောက်နဲ့တော့ လျှော်ရတော့မယ် . . . (မှန်ပါဘုရား)၊ ဟုတ်ဘူးလား။

တစ်ယောက်ယောက်နဲ့ မင်းတို့သည်ကားလို့ဆိုရင် သင့်လျှော်အောင် ကြည့်နေကြမှာပေါ့ဆိုတော့ တစ်ယောက်တည်း ပြောတဲ့စကားလား၊ နှစ်ယောက်ပြောတဲ့ စကားလား . . . (နှစ်ယောက်ပြောတဲ့စကားပါဘုရား)။

အဲ . . . ဒီမှာစဉ်းစားလိုက် လျှော်အောင်ကျင့် ဒီတရားက၊ ဘယ်သူနဲ့ လျှော်အောင်ကျင့်ရမှာတုံးဆိုတော့ ရှေ့ပိုင်းကရှုတဲ့တရားနဲ့၊ အရှုခံရမယ့်တရားနဲ့ ဟောဒီ အရှုဉာဏ်နဲ့ လျှော်အောင်ကျင့်၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## အရှုခံနဲ့ အရှုဉာဏ်နဲ့ လျော်အောင်ကျင့်

အရှုခံနဲ့ အရှုဉာဏ်နဲ့ဘာတဲ့ . . . (လျော်အောင်ကျင့်ရမှာပါဘုရား)၊ ပြောပါဦး၊ ပြောပါဦး ဘာတဲ့ . . . (အရှုခံနဲ့ အရှုဉာဏ်လျော်အောင်ကျင့်ရမှာပါဘုရား)၊ သုံးခေါက်ပြောစမ်းပါ . . . (အရှုခံနဲ့ အရှုဉာဏ်လျော်အောင်ကျင့်ပါဘုရား)။

ဟောဒီက **အဖြစ်**၊ ဒီကလည်း **အဖြစ်**ကိုပဲ သိရမယ်၊ ဒီက **အပျက်**ဆိုရင် . . . (အပျက်ကိုပဲ သိရမှာပါဘုရား)၊ ဒါဖြင့် ဒီကဖြစ်ပျက်နဲ့ ဒီက **သိချက်**နဲ့ဟာ ကိုက်နေရမယ်၊ မလျော်ဘူးလား . . . (လျော်ပါတယ်ဘုရား)။

အဲ့ဒါလေး လုပ်ရမယ်တဲ့ ဒကာ ဒကာမတွေဘက်က ရှင်းပြီလား . . . (ရှင်းပါတယ်ဘုရား)။

ဘုန်းကြီးက်တော့ ခုနက ပြောတဲ့ဘက်ကတော့ ပြီးခဲ့ပြီ၊ ခင်ဗျားတို့ဘက်က ဒါလေးတော့ လုပ်ကြ . . . (မှန်လှပါ ဘုရား)၊ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒါက ဓမ္မ၊ ဒါကဘာတဲ့ . . . (အနုပဋိပတ္တိပါဘုရား)၊ ဒါဖြင့် ဒါက **ရှုစရာ**၊ ဒါက **ရှုဉာဏ်**၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒါက **အရှုခံ**တရား၊ ဒါက . . . (အရှုဉာဏ်ပါဘုရား)၊ **အရှုခံ**တရားက ဖြစ်ပျက်ဆိုရင်၊ **ရှုဉာဏ်**ကလည်း ဖြစ်ပျက်ထက် မပိုစေနဲ့၊ ဩော် . . . ဖြစ်ပျက်ပဲကိုးလို့ သိပေး၊ ဒီပြင် ဘာမှ ပိုမသိနဲ့၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

သူက ဖြစ်ပျက်ပြရင်၊ ဖြစ်ပျက်ပဲ၊ သူကမုန်းစရာပြရင် . . . (မုန်းစရာပါဘုရား)၊ သူကအဆုံးပြရင် . . . (အဆုံးပါဘုရား)၊ အဲ့ဒီလို ခင်ဗျားတို့ ဒီဘက်က နောက်က လျှော်သုံးချက် လိုက်လိုက်လို့ရှိရင်လည်းတဲ့၊ အဲ့ဒါ **ဓမ္မနု ဓမ္မ ပဋိပတ္တိ**ပုဂ္ဂိုလ် ဖြစ်ပါတယ်၊ လျှော်သုံးချက်လိုက်နိုင်လို့ရှိရင်၊ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

အင်း . . . ဒါ ခင်ဗျားတို့ဘက်ကနော်၊ ဒါ . . . ခင်ဗျားတို့ဘက်က အရေးတကြီး မှတ်ရမယ့်အလုပ် . . . (မှန်လှပါဘုရား)၊ ဟုတ်ပြီလား၊ ဘုန်းကြီးဘက်ကတာဝန်က ခုနက ပြီးသွားပြီ၊ ခု ခင်ဗျားတို့ သင်တဲ့ဘက်က လာနေတာ။

ဒီကဘာပါလိမ့် **ဓမ္မ**၊ ဒီက ဘာတုံး. . . (အနုပဋိပတ္တိပါဘုရား)၊ **ဓမ္မ**ဆိုတာ ခင်ဗျားတို့**သန္တာန်** ဘယ်စိတ်ပေါ်ပေါ်၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဖြစ်မှန်းပျက်မှန်းကိုသိပေးပါ

ဘယ်စိတ်ပေါ်ပေါ် သူက **အဖြစ်နဲ့အပျက်**ပဲရှိတယ်၊ နောက်က **ပဋိပတ္တိ**က ဘယ်လိုကျင့်ရမှာပါလိမ့်. . . (လျှော်အောင် ကျင့်ရမှာပါဘုရား)၊ **ဖြစ်မှန်းပျက်မှန်း**ကို သိပေးပါတဲ့၊ အပိုမသိပါနဲ့၊ သဘောကျပြီလား။

ယောက်ျားတွေ၊ မိန်းမတွေ မလာပါစေနဲ့၊ ဖြစ်ပြီးပျက်နေ

တယ်လို့ပဲ သိနေရုံပဲ၊ ငါတွေ၊ သူတွေလည်း၊ မလာစေနဲ့၊ ဩော် . . . ရှေ့နားဖြစ်ပျက်နေတာပဲ၊ ဒီလိုပဲသွားပါ၊ ဟုတ်ပြီလား။

ရှေ့နားဖြစ်ပျက်နေတယ်လို့သာ သွားလိုက်လို့ရှိရင်ဖြင့် **ဓမ္မနဲ့ အနုပဋ္ဌိပတ္တိနဲ့** သွားကိုက်တယ်။ ဦးဘတင်ရေ ဘယ်နှယ့်တုံး. . . (ဓမ္မနဲ့ အနုပဋ္ဌိပတ္တိနဲ့ သွားကိုက်ပါတယ်ဘုရား)၊ ဦးခင်မောင် ဒီအချက်ဟာ အရေးကြီးတယ်. . . (မှန်ပါဘုရား)၊ ဦးစံရင်တို့ ဒီအချက် အရေးမကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။

## ဓမ္မနဲ့လျှော်အောင်ကျင့်

ဘာနဲ့ကိုက်ရမတုံး. . . (ဓမ္မနဲ့ အနုပဋ္ဌိပတ္တိနဲ့ ကိုက်ရမှာပါဘုရား)၊ အဲ. . . **ဓမ္မနဲ့ အနုပဋ္ဌိပတ္တိနဲ့** သွားကိုက်ရမယ်၊ **အနု**က လျှော်တာကိုးဗျ၊ **ပဋ္ဌိပတ္တိ**က အကျင့်၊ လျှော်အောင်ကျင့်၊ ဘာနဲ့ လျှော်ရမှာတုံး. . . (ဓမ္မနဲ့ပါဘုရား)။

ဓမ္မနဲ့လျှော်အောင်၊ ဓမ္မက ဘာပြလေ့ရှိသတုံး. . . (ဖြစ်ပျက်ပါဘုရား)၊ ဒါဖြင့် ဖြစ်ပျက်ပဲ လျှော်အောင်ကြည့်လိုက်ရုံပဲ။ ဒီပြင် ခင်ဗျားတို့က ဘာမှအပိုဆောင်းမနေတော့နဲ့၊ ဟုတ်ဘူးလား၊ ဈေးရောင်းသလိုမှတ်မနေနဲ့။

ဈေးရောင်းတဲ့အခါကျတော့ ကျုပ် သာသာထိုးထိုးထည့်ပေးပါ့မယ်လို့ အဲ့ဒီလိုမရဘူး၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

မရဘူး၊ မရဘူး၊ ဒီဥစ္စာက အလေးခိုးလို့လည်းမရဘူး၊ သာသာထိုးထိုးထည့်လို့ကော. . . (မရပါဘုရား)။ သူနဲ့သူလျှော် ရင် ပြီးတာပဲတဲ့။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်လုပ်ကြရမှာတုံး. . . **ဓမ္မနဲ့ အနုပဋိပတ္တိဖြင့်** ဦးခင်မောင် ကိုက်ပစေ။ ဦးစံရင်တို့ ကိုက်ရမယ်နော်. . . (မှန်ပါ့ ဘုရား)။

## ဒါမကိုက်သေးရင် အကျင့်မမှန်သေး

ဒါမကိုက်သေးလို့ရှိရင် နေရာမကျသေးဘူး၊ ဒါသည် ကားလို့ဆိုရင် ဒကာ ဒကာမတို့ မဂ်ဖိုလ်ရမယ့် အကျင့်မဟုတ် သေးဘူးတဲ့၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး. . . (မဂ်ဖိုလ်ရမယ့်အကျင့်မဟုတ်သေးဝါ ဘုရား)၊ မဂ်ဖိုလ်ရမယ့်အကျင့်မဟုတ်သေးဘူးတဲ့၊ ဒကာ ဒကာမ တို့ ဒါဖြင့် ဒါက ဘုန်းကြီးကပြောတယ်။ ဒါနဲ့မကိုက်လို့ရှိရင် **ဓမ္မ** နဲ့ **အနုပဋိပတ္တိ**နဲ့ မကိုက်ကြလို့ရှိရင် **မဂ်ဖိုလ်**ရတဲ့အကျင့်မဟုတ် ဘူးလို့ ဘုန်းကြီးက ခုပဲ ဒကာ ဒကာမတွေကို ဆုံးမတယ်နော်။

အဲဒီတော့ကို ဘယ့်နှယ်ကြောင့်တုံး ဒီဥစ္စာဘုရား၊ မကိုက်ရတာ၊ ဝေးလို့မကိုက်လို့ရှိရင်လည်း ဒါ ခင်ဗျားတို့ ဩော် . . . ဝေးရှာတယ် မကိုက်ပေဘူး၊ မဆိုသင့်ဘူးလား. . . (ဆိုသင့် ပါတယ်ဘုရား)။

ခုတော့ဗျာ. . . ကိုယ်သေတာ ကိုယ်ကြည့်ရတာဆို တော့ ဝေးလို့လည်း ဆိုစရာက အတော်ခက်သွားတယ်. . . (မှန်လှပါဘုရား)၊ မခက်ဘူးလား. . . (ခက်ပါတယ်ဘုရား)။

ဝေးလို့လား ကိုယ်သေတာ ကိုယ်ကြည့်ရတာ. . . (မဝေးပါဘူးဘုရား)၊ ဝေးသလား၊ နီးသလား. . . (နီးပါတယ် ဘုရား)၊ ဟာ. . . ဒါဖြင့် အနီးမှန်နေလို့လားလို့ မေးချင်တယ် ကျုပ်က၊ အဝေးမဲ့ပြီး အနီးမှန်နေလို့ရှိရင်ဖြင့် ဒီမျက်လုံး အသုံး မကျတော့ဘူး၊ ကျပါဦးမလား. . . (မကျပါဘူးဘုရား)။

## ရှေ့ကအပျက်နဲ့ မင်္ဂနဲ့ကိုက်ပါစေ

အဲ့. . . အဲ့ဒါက ခင်ဗျားတို့ **ပကတိမျက်လုံး**ကိုဆိုတာ ပါတဲ့၊ ဒီနေရာတော့ **ဉာဏ်**နဲ့၊ **ခမ္မ**နဲ့၊ **အနုပဋ္ဌိပတ္တိ**နဲ့သာ လျှော် အောင်သာလုပ်လိုက်တော့။ ရှေ့က**အပျက်**နဲ့ နောက်ကမင်္ဂနဲ့ လိုက်ရင်ပြီးတာပဲတဲ့။ တိုတိုကျတော့ ဒါပါပဲ။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ရှေ့က. . . (အပျက်ပါဘုရား)၊ နောက်က. . . (မင်္ဂပါ ဘုရား)၊ ဒါကိုက်ရင် **ခမ္မအနုပဋ္ဌိပတ္တိ** ဖြစ်တာပဲ. . . (မှန်ပါဘုရား)၊ ဦးဝင်းရေ နေရာကျပြီလား. . . (ကျပါပြီဘုရား)။

ကဲ. . . ဒီလိုနေရာကျတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့ မုန်းမယ်ဟုတ်လားဗျာ၊ မလိုချင်မယ်၊ အင်း ဒါကြီးနဲ့

အိုးစားကွဲချင်မယ်၊ ဆုံးချင်မယ်ဆိုတာ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

အဲ. . . ဒီနှစ်ခုကိုက်အောင်လုပ်ပါတဲ့၊ ဒါမှ ဟိုသုံးချက်ကိစ္စပြီးသွားမယ်. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါ ဘယ်သူ့ဘက်ကပါလိမ့်. . . (တပည့်တော်တို့ဘက်ကပါဘုရား)၊ တပည့်တော်တို့ဘက်က ဒကာ ဒကာမတွေဘက်က ကဲ. . . ဒကာ ဒကာမတွေဘက်က သုံးချက်ကို အသာထားလိုက်ပါတော့၊ ဒီတစ်ချက်တည်းမှာ အကုန်ပါသွားပြီလို့ မှတ်လိုက်. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

**မဂ္ဂနဲ့ အနုပဋိပတ္တိ**ဆိုတာလေး လျှော်လို့ရှိရင်ပြီးတာပဲ၊ ဒါဖြင့် **မဂ္ဂါနု မဂ္ဂပဋိပန္န**ပုဂ္ဂိုလ်ဖြစ်ပါပြီတဲ့၊ မဖြစ်သေးဘူးလား. . . (ဖြစ်ပါပြီဘုရား)။

## ဒီသုံးချက်ညီအောင် ဟောကြ ကျင့်ကြပါ

ကောင်းပြီ၊ ဒါဖြင့် ဘုရားကဟောတဲ့ပုဂ္ဂိုလ်ကလည်း ဒီသုံးချက်ညီအောင်ဟော၊ ကျင့်တဲ့ပုဂ္ဂိုလ်ကလည်း ဒီသုံးချက် **မဂ္ဂနုမဂ္ဂပဋိပတ္တိ**နဲ့ညီအောင် ကျင့်ကြမယ်ဆိုရင် ဘုရားက ဘယ်လိုများ ဆုံးဖြတ်ချက်ချသတုံး . . . (ဒိဋ္ဌဓမ္မနိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်ပါဘုရား)၊ **ဒိဋ္ဌဓမ္မနိဗ္ဗာန်**ရမယ့်ပုဂ္ဂိုလ်တဲ့၊ အကြွေးပုဂ္ဂိုလ် မဟုတ်ဘူးတဲ့၊ ဟုတ်ဘူးလား။

ယခုဘဝ နိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်လို့ မဆိုဘူးလား. . . (ဆိုပါတယ်ဘုရား)၊ အဲ့ဒါ ဒီလောက်ဆိုထားတော့ ကျုပ်တို့က ဘုရားကလည်း တို့ အင်း. . . တရားအားထုတ်ချင်အောင်လို့များ ပြောနေသလားလို့များ ဘုရားအပေါ်မှာ ခင်ဗျားတို့က တရားဆွဲလုံးများ တင်နေဦးမယ်။

ခင်ဗျားတို့က လျှာကအတော်ရှည်တာ၊ ဘုရားက **ကရုဏာနဲ့သနားလို့**ပြောရှာတာ၊ တကယ်တော့ တော်တော်လုပ်ရဦးမှာ၊ ခင်ဗျားတို့က ဒီနေရာတော့ ဉာဏ်က အတော်ထိုးထွင်းတာ၊ သေဖို့ကျတော့ ဆုတ်ယုတ်အောင်ကို တွက်ယူတယ်။

## ဘုရားဆိုတာ တစ်ခွန်းနဲ့အမှန်ပြောတယ်

ဘယ်နှယ့်တုံး၊ မမှားဘူးလား. . . (မှားပါတယ်ဘုရား)၊ ကဲ. . . ဒါဖြင့် ဟုတ်ပါတယ်တဲ့၊ ဘုရားဆိုတာ ဦးခင်မောင် နှစ်ခွန်းမပြောဘူး၊ တစ်ခွန်းနဲ့အမှန်၊ ဒါ ဘုရားထုံးတမ်း . . (မှန်ပါဘုရား)။

ဘုရားထုံးတမ်းက ဘာတုံး. . . (နှစ်ခွန်းမပြော၊ တစ်ခွန်းနဲ့ အမှန်ပြောတာပါဘုရား)၊ သူက ဒီဘဝနိဗ္ဗာန်ရရမယ့်ပုဂ္ဂိုလ်ကွဆိုတော့ နှစ်ခွန်းလား၊ တစ်ခွန်းတည်းလား. . . (တစ်ခွန်းတည်းပါဘုရား)။

အဲ့ဒီတစ်ခွန်းတည်းဖြင့်ဗျာ နဂိုကလည်း ကိုယ်တော်ကြီးက နှစ်ခွန်းပြောတတ်ရဲ့လား. . . (မပြောတတ်ပါဘူးဘုရား)၊

တစ်ခွန်းပြောပြန်တော့လည်း အတိမ်းအစောင်းပါသေးသလား . . . (မပါပါဘူးဘုရား)။

အဲ. . . နှစ်ခွန်းလည်းမပြော၊ တစ်ခွန်းနဲ့ အမှန်သုံးတယ်၊ ဒီကိုယ်တော်ကြီးကပြောတာကို ခင်ဗျားတို့က ဩော်. . သတ္တဝါတွေ သနားရှာလွန်းလို့ ကျင့်ဖြစ်အောင်လို့ ပြောနေရှာတာလို့ သွားမလုပ်နဲ့. . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က အတော်လျှာရှည်လို့ဗျာ၊ အံမလေး ဘုရားအပေါ်တော့ သွားတော့မရှည်လိုက်ပါနဲ့ဗျာ၊ ကိုယ်တော်မြတ်ကြီးက သတ္တဝါတွေ ရင်ဝယ်သားကဲ့သို့ သနားတော့ကို စပြီးသကာလ ဆွဲရှာတယ်၊ ဆွဲရှာတယ်၊ လုပ်မနေနဲ့၊ ဒါ ဒီဟာကို မဟုတ်ဘူး၊ ခင်ဗျားတို့က လေချိုသွေးတာပါ၊ ဟုတ်ဘူးလား ဦးစံရင်ရေ. . . (မှန်လှပါဘုရား)။

## ပြောတဲ့အတိုင်းဖြစ်ရမယ်

ဘုရားကတော့ နှစ်ခွန်းမပြောဘူး၊ တစ်ခွန်းနဲ့အမှန်ပြောပါတယ်ဆိုတာလေး ချီထားကတည်းကိုက သူ့ထုံးစံကို မှတ်ထားကတည်းကိုက ဦးခင်မောင်ရေ သူပြောတဲ့အတိုင်း တသွေမတိမ်းဖြစ်ရမယ်. . . (မှန်လှပါဘုရား)၊ မဖြစ်စရာများရှိသေးသလား . . . (မရှိပါဘူးဘုရား)။

ကဲ. . . မဖြစ်စရာမရှိတာ ဘုန်းကြီး ရှင်းပြမယ်၊ ဒါ ဒကာ ဒကာမတွေက ကျင့်ပြီ၊ ဒွါရ (၆)ပေါက်မှာရှိတဲ့စိတ်၊ **ဓမ္မာနုပဿနာ** **ပဋ္ဌာန်**နဲ့လုပ်ပြီ၊ ဒီ **ဓမ္မ**ကို **အနုပဿနာပဋ္ဌာန်**နဲ့ လုပ်ပြီ၊ ဒီ**ဓမ္မ**ဆိုတာ စိတ်တိုင်းပေါ့ဗျာ၊ ဘယ်စိတ်မဆို **ဓမ္မ**ချည့်ပဲမဟုတ်လား. . . (မှန်လှပါဘုရား)။

## ဓမ္မပေါ် တိုင်းဘာလုပ်ရမတုံး

အဲဒီ **ဓမ္မ**ပေါ် တိုင်း ပေါ် တိုင်း ဒီက ဘာလုပ်ရမတုံး. . . (အနုပဿနာပဋ္ဌာန်)၊ **အနုပဿနာပဋ္ဌာန်**ဆိုတာလည်း သိပြီးသားနော်. . . (မှန်လှပါဘုရား)။

ဒီကဖြစ်ပျက်ဆိုရင် သူက ဖြစ်ပျက်မြင်ရတယ်၊ မမြင်ရပေဘူးလား. . . (မြင်ရပါတယ်ဘုရား)၊ ကောင်းပြီ၊ **ဓမ္မ**နဲ့ **အနုပဿနာ** **ပဋ္ဌာန်**ဖြစ်သွားလို့ရှိရင် **ဓမ္မာနု ဓမ္မပဋိပန္န**ပုဂ္ဂိုလ်ဖြစ်ခဲ့သော် ဒီဘဝ **နိဗ္ဗာန်**ရရမယ်၊ ဘုရားက အသေအချာမပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ကဲ. . . ရမရ စဉ်းစားကြစို့ဆိုတော့ ဒါ မိမိခန္ဓာဖြစ်ပျက်ကို ပထမရှေးဦးစွာ မမုန်းဘူးလား. . . (မုန်းပါတယ်ဘုရား)၊ မြင်ပါများတော့ ဘယ်နှယ့်တုံး. . . (မုန်းပါတယ်ဘုရား)။

## မိမိခန္ဓာလိုချင်သေးရဲ့လား

မြင်ပါများတော့ ဒီဉာဏ်က နဂိုတုန်းကတော့ မြင်ပါများတဲ့ဉာဏ်၊ မုန်းတဲ့ဉာဏ်၊ နောက်ကျတော့ ဒါတွေချည့် **ခမ္မာနုခမ္မပဋိပတ္တိ** ဖြစ်အောင်ချည့် လုပ်နေရတော့ မိမိခန္ဓာလဲ မိမိလိုချင်သေးရဲ့လား. . . (မလိုချင်ပါဘူးဘုရား)။

မလိုချင်ဘူးဆိုတော့ ဒီဉာဏ်က တက်မသွားဘူးလား . . . (တက်သွားပါတယ်ဘုရား)၊ ပထမမုန်းဉာဏ်၊ နောက်ဘာဉာဏ်ဖြစ်မတုံး. . . (မလိုချင်တဲ့ဉာဏ်ပါဘုရား)။

မလိုချင်တဲ့ ဉာဏ်ဆိုတော့ နောက် သူတက်ဦးမယ်၊ ဩော် . . . ဒီဥစ္စာသည်ကား မုန်းလည်း မုန်းစရာ၊ လိုချင်စရာလည်းမရှိ ဘာကြောင့်တုံးလို့မေးတော့မှ ဒကာ ဒကာမတွေက သစ္စာသံ ထွက်လာတယ်၊ ဒုက္ခရောက်လွန်းလို့ဘုရား . . . (မှန်ပါဘုရား)၊ လာပြီ။

## ဒုက္ခဆုံးအောင်ကျင့်ရမှာ

ဘယ့်နှယ်လာတုံး. . . (ဒုက္ခရောက်လွန်းလို့ပါဘုရား)၊ ဟုတ်ကောဟုတ်ရဲ့လား၊ ဒီဒုက္ခထက် ကြီးတာများရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)၊ ခဏ ခဏသေရတဲ့ ဒုက္ခထက်ကြီးတာများ. . . (မရှိပါဘူးဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ခဏ ခဏ သေရတဲ့ ဒုက္ခပိုင်းခြား ချလိုက်တယ်၊ ပိုင်းခြားချလိုက်တော့ ဒီဒုက္ခ မချုပ်ပေဘူးလား . . . (ချုပ်ပါတယ်ဘုရား)၊ ဒါဖြင့် ဆုံးသွားတာပေါ့. . . (မှန်ပါဘုရား)၊ ဆုံးအောင်ကျင့်ရမှာ. . . (မှန်ပါဘုရား)။

ပထမမုန်းအောင်ကျင့်၊ နောက်မလိုချင်အောင်ကျင့်၊ နောက် ဘာတုံး. . . (ဆုံးအောင်ကျင့်ရမှာပါဘုရား)၊ ဆုံးမ အောင်ကျင့်လိုက်တဲ့အခါကျတော့ ဒီဉာဏ်ဟာ ဒကာ ဒကာမ တွေ ဘာဉာဏ်လာဖြစ်သတုံး. . . (မဂ်ဉာဏ်ပါဘုရား)၊ မဂ္ဂင်မှ ရှစ်ပါးလာဖြစ်တယ်။

## မဂ္ဂင်ရှစ်ပါးလာဖြစ်တယ်

မဂ္ဂင် ဘယ်နှစ်ပါးဖြစ်သတုံး. . . (ရှစ်ပါးလာဖြစ်ပါတယ် ဘုရား)၊ အင်း. . . ရှစ်ပါးလာဖြစ်တော့ကိုး ဒကာ ဒကာမတို့ ခုနက ဒါ ဝိညာဏ်မဟုတ်လား. . . (မှန်ပါဘုရား)။

ကောင်းပြီ၊ **စိတ်ဝိညာဏ်၊ မျက်လုံးဝိညာဏ်** ဆိုရင် **"တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ"**၊ ဒီမှာတွဲရက်၊ တွဲရက် မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

ဒီ **ဝိညာဏ်**ချုပ်တယ်ဆိုရင် **ဖဿ**နဲ့ **ဝေဒနာ**နဲ့က တွဲချုပ် တာကိုး၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ **ဖဿ**နဲ့ **ဝေဒနာ** တွဲချုပ်သွားတော့ ဒီကလည်း **ဓမ္မနု ဓမ္မပဋိပတ္တိ**က မဂ်

ဖြစ်နေတော့ ဒကာ ဒကာမတွေ ဒီဘက်က **ဝေဒနာပစ္စယာ တဏှာ**လာသေးသလား. . . (မလာပါဘူးဘုရား)။

အင်း. . . **ဝေဒနာပစ္စယာ** ဒေါသ လာသေးရဲ့လား. . . (မလာပါဘူးဘုရား)၊ **သုခဝေဒနာ** နောက်ကတော့ကို **တဏှာ** လိုက်တယ်. . . (မှန်ပါဘုရား)။

ဒီဝေဒနာတွေ ဒုက္ခဝေဒနာတွေ ရှုနေရတဲ့အခါ ဒုက္ခစိတ်တွေ ရှုနေရတဲ့အခါ ဒေါသကော လာသေးရဲ့လား. . . (မလာပါဘူးဘုရား)၊ အင်း. . . ဒါဖြင့် **လောဘ**လည်း သေခဲ့ပြီ၊ **ဒေါသ** ကော. . . (သေပါပြီဘုရား)။

## လောဘ၊ ဒေါသ၊ မောဟ အကုန်ချုပ်တယ်

အင်း. . . ဒါလေးဟာ ခင်ဗျားတို့ ဖြစ်တိုင်းပျက်တိုင်း **ဓမ္မာနု ဓမ္မပဋိပတ္တိ** လုပ်နေတဲ့အခါ မေ့သေးရဲ့လား. . . (မမေ့ပါဘူးဘုရား)။

ဒါဖြင့် **လောဘ၊ ဒေါသ၊ မောဟ** ဒီဘက်က အကုန် မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

ချုပ်သွားတော့ **လောဘ၊ ဒေါသ၊ မောဟ**တို့၏ ချုပ်ရာ၊ **ငြိမ်းရာ၊ သိမ်းရာ** ဘာခေါ်ကြမတုံး. . . (နိဗ္ဗာန်ပါဘုရား)။

အင်း. . . ဒါဖြင့် **လောဘ၊ ဒေါသ၊ မောဟ**တို့က ဒီနေရာမှာတင် ချုပ်တယ်၊ **လောဘ**လည်း ဒီနေရာချုပ်တယ်၊

ဒေါသကော. . . (ဒီနေရာချုပ်ပါတယ်ဘုရား)၊ မဂ်နောက်က ချုပ်ကြတာ၊ မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

## ခန္ဓာအပင်မပေါက်တော့ဘူး

ချုပ်တဲ့အခါကျလို့ရှိရင်ဖြင့် သူတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ရေသောက်မြစ်၊ သတ္တဝါပုဂ္ဂိုလ်တို့၏ ရေသောက်မြစ်တွေ **လောဘ၊ ဒေါသ၊ မောဟတွေက. . .** (မှန်လှပါဘုရား)။ ရေသောက်မြစ်မရှိတဲ့အပင်ဟာ ဒကာ ဒကာမတို့ ခန္ဓာအပင် ပေါက်ဦးမလား. . . (မပေါက်ပါဘူးဘုရား)။

ဒါဖြင့် **ရေသောက်မြစ်ကို** မဂ်က သတ်လိုက်တယ်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ရေသောက်မြစ်ကို မဂ်ကသတ်လိုက်တယ်

**ရေသောက်မြစ်ကို** မဂ်ကသတ်လိုက်တဲ့အခါကျတော့ ဒီအဆိပ်ပင်ကြီး၊ ခဏ ခဏသေတဲ့ခန္ဓာအပင်ကြီးလာဦးမလား . . . (မလာပါဘူးဘုရား)။

အဲ့ဒါ ဘာခေါ်ကြမလဲ. . . (နိဗ္ဗာန်ပါဘုရား)။ ဒါက ခန္ဓာ့ ရေသောက်မြစ်၊ သဘောကျပြီလား၊ ဒီဘက်က ခန္ဓာအဆိပ်ပင် ကြီး ပေါက်သေးရဲ့လား. . . (မပေါက်ပါဘူးဘုရား)။ မပေါက်တာ ဘာခေါ်ကြမတုံး. . . (နိဗ္ဗာန်ပါဘုရား)။

အဲ. . . ဒီက ဓမ္မာနု ဓမ္မပဋိပတ္တိလုပ်လို့ ဒါကြောင့် ဒီက ရေသောက်မြစ်သေတယ်၊ ရေသောက်မြစ်သေလို့ ဟိုမှာအပင် မပေါက်တော့ဘူး၊ ခန္ဓာအပင်တွေ ပေါက်သေးရဲ့လား. . . (မပေါက်ပါဘူးဘုရား)။

အဲဒီတော့ ဘုရားဟောတော်မူတာ ဩော်. . . တို့ သနားလို့ ဆွဲဟောနေတာလား၊ ဖြစ်စဉ်ကိုက် အမှန်ပြောတာ လား . . . (ဖြစ်စဉ်ကိုက်အမှန်ပြောတာပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## ယခုဘဝနိဗ္ဗာန်ရမယ်

ဒါဖြင့် ယခုဘဝ**နိဗ္ဗာန်** ရမရ၊ ဒါသေတာ၊ မသေတာ ကြည့်လိုက်ပါတော့. . . (မှန်ပါ)။ ဒါ ပေါ်နေတော့ ဒါတွေလာ သေးရဲ့လား. . . (မလာပါဘူးဘုရား)။ မလာတော့၊ သတ္တဝါ ရေသောက်မြစ်မှ မလာဘဲနဲ့ နောက်သတ္တဝါပေါ် ချင်လို့ ရသေးရဲ့ လား. . . (မရပါဘူးဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ် ဘယ်တော့ **နိဗ္ဗာန်**ရမှာပါလိမ့်. . . (ယခုရမှာပါဘုရား)၊ ယခုနိဗ္ဗာန်ရတယ် . . . (မှန်ပါဘုရား)၊ သေသည်၏အခြားမဲ့၌ ဒကာ ဒကာမတို့ ခန္ဓာကိုယ် လာသေးရဲ့ လား . . . (မလာပါဘူးဘုရား)။

## ဒုက္ခချုပ်သွားတော့ သုခနဲ့နေတယ်

ဒါဖြင့် ခန္ဓာမလာတော့ ခန္ဓာဆိုတာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒီပုဂ္ဂိုလ်သေသွားပြီး ဒုက္ခချုပ်သွားပြီလို့ ဆိုလိုက်၊ ဟုတ်လား၊ သေသွားတာလား၊ ဒုက္ခချုပ်သွားတာလား . . . (ဒုက္ခချုပ်သွားတာပါဘုရား)။

ဒုက္ခချုပ်သွားတော့ သူ ဘယ်သူနဲ့များ နေရှာပါလိမ့်မတုံး လို့ မေးမနေနဲ့ ဒကာ ဒကာမတွေ **သုခနဲ့** နေရမှာပေါ့. . . (မှန်ပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။ သဘောပါပြီ လား. . . (ပါပါပြီဘုရား)။

ကဲ ယနေ့ ဒီတွင် တော်ကြစို့။

သာဓု. . .၊ သာဓု. . .၊ သာဓု. . .။